# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက် ၊ ကြာသပတေးနေ့ ၊ (16-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC-I)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့

အောက်တိုဘာ ၁၆ ရက်(ယနေ့)သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင်ကျင်းပခဲ့သော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အကြိမ် ၂၀ မြောက် အထွေထွေညီလာခံတွင် ဟန်ဂေရီနိုင်ငံက ကမ္ဘာ့စားနပ်ရိက္ခာနေ့သတ်မှတ်ပေးရန် အဆိုပြုခဲ့ရာမှ ကမ္ဘာတစ်ဝန်းဆင်းရဲမှုနှင့် ဆာလောင်မွတ်သိပ်မှုပပျောက်ရေးရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကို ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၄၇ ခုနှစ်မှစတင်ကာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ အဖွဲ့ဝင်ဖြစ်ခဲ့ပြီး နှစ်စဉ် အောက်တိုဘာ ၁၆ ရက်ရောက်တိုင်း ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပခဲ့သည်။ ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်မှာ "အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့" ဖြစ်သည်။

လူသားများရှင်သန်ရပ်တည်ရန်အတွက် လိုအပ်သည့်စွမ်းအင်ကို အစားအသောက်များမှရရှိသည်။ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးတို့သည် ကမ္ဘာပေါ်ရှိ လူသားများရှင်သန်ရပ်တည်နိုင်ရေးအတွက် အခြေခံအကျဆုံးနှင့်အဓိကအရေးကြီးဆုံးမရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ယနေ့ ကမ္ဘာ့နိုင်ငံများ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာသူကမ္ဘာသားများအတွက် အထူးအလေးထားရမည့်နေ့ဖြစ်သည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ ၂၀၂၄ ခုနှစ် ထုတ်ပြန်ချက်များအရ ကမ္ဘာ့အစားအစာလိုအပ်ချက်၏ သုံးပုံတစ်ပုံကို လုပ်ကွက်ငယ်တောင်သူများက ထုတ်လုပ်လျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကျေးလက်ဒေသများရှိ လယ်ယာကုန်ထုတ်လုပ်ငန်းများ၏ အထွက်နှုန်းနှင့် ထုတ်လုပ်မှုစွမ်းအားကို ထိခိုက်စေလျက်ရှိသည်။ ကောင်းမွန်သောဂေဟစနစ်များသည် အပင်များနှင့်တိရစ္ဆာန်များ ရှင်သန်ကြီးထွားရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ စားရေရိက္ခာထုတ်လုပ်သည့်နည်းလမ်းနှင့် အစားအစာများသည် သဘာဝပတ်ဝန်းကျင်နှင့် အလုံးစုံဆက်စပ်နေပါသည်။ ဂေဟစနစ်တည်ငြိမ်ပြီး ရာသီဥတုမျှတကောင်းမွန်မှသာ စားရေရိက္ခာထုတ်လုပ်မှု ဖြစ်ထွန်းအောင်မြင်နိုင်မည်ဖြစ်သည်။

ရေရှည်တည်တံ့သော အစားအစာထုတ်လုပ်မှုနှင့် စားသုံးမှုအလေ့အထများကြောင့် အစားအစာစနစ်များ ပျက်စီးလာသောအခါ အကျိုးဆက်အနေဖြင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် အစားအစာအရင်းအမြစ်များဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ စားနပ်ရိက္ခာဖူလုံခြင်းသည် ကမ္ဘာမြေကြီးအတွက် ကောင်းကျိုးများကိုသာ ဖြစ်ပေါ်လာစေသည်။ စားနပ်ရိက္ခာလုံခြုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်သွားရန်လိုအပ်ပေသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သော "အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့" ဆောင်ပုဒ်နှင့်အညီ အစိုးရ၊ ပြည်သူနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ လက်တွဲဆောင်ရွက်သွားပါက စားရေရိက္ခာဖူလုံကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် ၇၃ ရက် သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၂၃၂၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



မင်းကင်း အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၂၃၂၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ရာ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၂၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၈၅ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း ပဲတီစိမ်း ၅၅၂၅ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိခဲ့ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၃၉ ဧက စိုက်ပျိုးမည်

ပုသိမ် အောက်တိုဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၃၉ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၇၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်အတွင်း ဟင်းသီးဟင်းရွက် ဧက ၁၇၀၀ ကျော် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ တောင်သူတွေကို အခုနှစ် ဟင်းသီးဟင်းရွက်တွေ စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့ အသီးနှံတွေစိုက်ပျိုးနိုင်စေဖို့ ဆောင်ရွက်ပေးပါမယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး စသည့်သီးနှံများ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်နေမှု စစ်ဆေး

ပေါင် အောက်တိုဘာ ၁၅

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရင်းငြိမ်မြောက်ကျေးရွာ၌ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်း၏၊ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ရင်းငြိမ်မြောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကုန်ထုတ်တံတားတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

ရင်းငြိမ်မြောက်ကျေးရွာ၌ အရှည် ၃၅ ပေ၊ အကျယ် ၁၆ ပေ၊ အမြင့် ရှစ်ပေရှိ ကုန်ထုတ်တံတားတည်ဆောက်ခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၁၂၃ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဖွဲ့ထက်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ကုန်ထုတ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာမှထွက်ရှိသာ ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

သုတ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ မဟာမြိုင်(၁)နေ ဦးစောအောင်ဝင်း-ဒေါ်လီလီမိသားစုတို့က နှစ်ဖက်မိဘများအား ရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၁၇၇၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ဘုတလင် အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနေကြာ၁၇၇၅ကေရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၅၇၁၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ်စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၇၇၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၄ ဒသမ ၃၂ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နေကြာ ၅၇၁၉ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ လက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပကနေ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံနေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ တောင်ဘိုကျေးရွာအုပ်စု တောင်ဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် တစ်သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အောင်ရဲကျော်

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅


ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ပြည်တွင်းမှငါးရှဉ့်များကို ပြည်ပဈေးကွက်သို့တင်ပို့အားကောင်းသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ စက်တင်ဘာလရဲ့ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ အရင်လကထက် ငါးရှဉ့်ပိဿာချိန် ၂၂၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်ပငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာနဲ့ ပြည်ပကငါးရှဉ့်ဝယ်လိုအားကောင်းလာတာကြောင့်ပါ။ ဒေသထွက်ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်းပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ငါးရှဉ့်တွေ ဝယ်ယူအားကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၄၅၀၀၀ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဘင်္ဂလားသွားစာတမ်း(၄)

ဗိုလ်ရှိတ်(ရတနာပူရ)

စိန္တကျော်သူဦးရွှဲတို့ မြန်မာသံအဖွဲ့ ဘင်္ဂလားသို့ သွားရခြင်း၏ရည်ရွယ်ချက်၊ ဘုရင်ခံချုပ်နှင့်တွေ့ဆုံခဲ့ပုံ၊ ခရီးစဉ်အစအဆုံးပြန်ရောက်သည်ထိ အကြောင်းအရာများကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုအခါ ထိုခရီးစဉ်တစ်လျှောက်လုံးကို မှတ်တမ်းတင်ထားသည့် ဘင်္ဂလားသွားစာတမ်းဟူသော ကျမ်းအကြောင်းကိုဆိုရပေမည်။

**ဘင်္ဂလားသွားစာတမ်း**

ဘင်္ဂလားသွားစာတမ်းသည် အမျိုးသားစာကြည့်တိုက်၌ရှိသော ပေမူဖြစ်သည်။ ပေအမှတ် (၁၅၇၆) ဖြစ်သည်။ ပေမှာ ဆယ်ကြောင်းရေးပေဖြစ်ပြီး က အစ ခု အဆုံး တအင်္ဂါနှင့် ငါးချပ်ရှိသည်။ ကျမ်းပြုသူ၊ ကျမ်းပြီးနှစ်၊ ရေးကူးနှစ်တို့မပါချေ။ ထို့အတူ ဘင်္ဂလားသွားစာတမ်းဟူသော အမည်သည်လည်း မူရင်းစာကိုယ်၌မပါရှိချေ။ ပေကူးသူက ပေးခဲ့သော အမည်ဖြစ်ဟန်ရှိပါသည်။ ပေကူးသူသည်လည်း အကြောင်းမဲ့ပေးခဲ့ခြင်းမဟုတ်ပါ။ ဘင်္ဂလားသွားစာတမ်းနိဒါန်း၌ "မင်းကြီးမဟာစည်သူ၊ စာရေးကြီးမင်းလှနန္ဒကျော်ထင်တို့ ဘင်္ဂလားမြို့သို့သွားသည်" ဟူသော ဖော်ပြထားချက်အရ ဘင်္ဂလားသွားစာတမ်းဟု အမည်ပေးခဲ့ခြင်းဖြစ်နိုင်သည်။

**ဇောဓိပင်သွားစာတမ်း**

ရန်ကုန်မြို့ အမျိုးသားစာကြည့်တိုက်တွင် ဇောဓိပင်သွားစာတမ်းဟူသောအမည်ဖြင့် ပေမူတစ်ဆူရှိသည်။ ကင်းဝန်မင်းကြီး စာစုမှဖြစ်၍ ကင်း-ပေ ၁၀၅ ဖြစ်သည်။ ပေမှာ ဆယ်ကြောင်းရေးပေဖြစ်ပြီး ဇီမှ ဈားထိ တစ်အင်္ဂါနှင့် ကိုးချပ်ရှိသည်။ ပေကူးနှစ်မှာ ကျမ်းပြီးနိဂုံး၌ "သက္ကရာဇ် ၁၂၃၈ ခု တန်ခူးလဆန်း ၈ ရက်နေ့ (၁၈၇၇ ခုနှစ် မတ် ၂၁ ရက်) ဇောဓိပင်သွားစာတမ်းကို ရေးကူး၍ ပြီးအောင်မြင်သည်"ဟု ရေးသားပါရှိသဖြင့် ၁၂၃၈ ခုနှစ် မင်းတုန်းမင်းလက်ထက် ရေးကူးခဲ့သော ပေဖြစ်ကြောင်း သိရပါသည်။ ပေကူးသူက "ဇောဓိပင်သွားစာတမ်းကို ရေးကူး၍ ပြီးအောင်မြင်သည်"ဟု ဆိုထားသော်လည်း ကျမ်းစာကိုယ်အတွင်း၌ ဇောဓိပင်သွားစာတမ်းအမည်ကို လုံးဝမတွေ့ရပါ။ ပေကူးသူကပင် ပေးဟန်ရှိသော အမည်သာဖြစ်ဖွယ်ရှိပါသည်။

ဇောဓိပင်သွားစာတမ်းနိဒါန်းတွင်မူ ကျမ်းပြုသူအမည်ပါ ပြည့်ပြည့်စုံစုံ တွေ့ရပါသည်။ ဇောဓိပင်သွားစာတမ်းနိဒါန်း၌ "နမောတဿ ဘဂဝတော၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ မင်းကြီး မဟာစည်သူ၊ စာရေးတော်ကြီး မင်းလှနန္ဒကျော်ထင်တို့ကို အမိန့်တော်ရာဇသံများနှင့် အနောက်သောဌသ ၁၆ ပြည်သို့ စေလွှတ်တော်မူရာ၊ သွားရောက်သမျှ လမ်းခရီးအစဉ်၊ မြို့၊ ရွာအခြေအနေ၊ ဘာသာဓလေ့၊ အသုံးအဆောင်များကို သိမြင်ခဲ့သည့်အတိုင်း စာတမ်းရေးသားပေးရမည်။ အတွင်းဝန် ဆောမြို့စားမင်းကြီး သီရိမဟာနန္ဒသင်္ကြံက တောင်းရာတွင် သက္ကရာဇ် ၁၁၉၅ ခု တပို့တွဲလ အရေးပိုင်မင်းကြီး မဟာစည်သူ သိမြင်မှတ်သားခဲ့သမျှကို ရေးသားတင်ပေးသည့်စာတမ်း"ဟူ၍ ရေးသားထားသည်။ ထို့ကြောင့်ဇောဓိပင်သွားစာတမ်းကို အတွင်းဝန်ဆောမြို့စား မင်းကြီး သီရိမဟာနန္ဒသင်္ကြံက တောင်းသဖြင့် သံအဖွဲ့ခေါင်းဆောင် စိန္တကျော်သူဦးရွှဲကိုယ်တိုင်က ရေးပေးရသော စာတမ်းဖြစ်ကြောင်း သိရသည်။ ရေးသားပြီးစီးသော နှစ်မှာလည်း ၁၁၉၅ ခု တပို့တွဲလဖြစ်သည်။

**ဘင်္ဂလားသွားစာတမ်းနှင့်အတူတူ**

ဘင်္ဂလားသွား စာတမ်းအကြောင်းရေးရင်းမှ ဇောဓိပင်သွားစာတမ်းအကြောင်းကို ရေးသားဖော်ပြနေသဖြင့် မဆီမဆိုင် ဖော်ပြနေသည်ဟု ထင်ကောင်းထင်ကြပါလိမ့်မည်။ အမှန်က ဘင်္ဂလားသွားစာတမ်းနှင့် ဇောဓိပင်သွားစာတမ်းသည် နိဒါန်းနှင့်နိဂုံးအနည်းငယ်ကွဲပြားသော်လည်း အတွင်းစာကိုယ်များမှာ အတူတူပင်ဖြစ်ပါသည်။ ဘင်္ဂလားသို့သွားရသည့် အကြောင်းအရာ သွားရောက်သည့်ပုဂ္ဂိုလ်များကအစ အားလုံးတူညီပါသည်။ ထို့ကြောင့် ဇောဓိပင်သွားစာတမ်းသည် ဘင်္ဂလားသွားစာတမ်းမူကွဲတစ်စောင်ဟုဆိုနိုင်ပါသည်။ ဘင်္ဂလားနှင့် မဟာဇောဓိသည် အမည်အခေါ်သာကွဲလွဲသည်။ အိန္ဒိယနိုင်ငံကို ဆိုခြင်းသာဖြစ်သည်။ ဘင်္ဂလားသွားစာတမ်းနှင့် ဇောဓိပင်သွားစာတမ်းသည် နိဒါန်းအစနှင့် နိဂုံးမှလွဲ၍ အတွင်းစာကိုယ် အတူတူဖြစ်သောကြောင့် ဇောဓိပင်သွားစာတမ်းနိဒါန်းတွင်ပါရှိသည်။ "အရေးပိုင်မင်းကြီး မဟာစည်သူက သိမြင်မှတ်သားခဲ့သမျှကို ရေးသားတင်ပေးသည်"ဟူသော အမှတ်အသားကို အထောက်အထားပြု၍ ဘင်္ဂလားသွားစာတမ်းကို စိန္တကျော်သူ ဦးရွှဲခေါ် အရေးပိုင်မင်းကြီး မဟာစည်သူရေးသည်ဟုယူဆရန်ရှိပါသည်။

**❖ စိန္တကျော်သူဦးရွှဲ ရေးသားပြုစုသည်ဟုယူဆရသော ဘင်္ဂလားသွားစာတမ်းသည် အမရပူရခေတ်တွင် စကားပြေဖြင့် ရေးသားထားသည့် နိုင်ငံခြားသွားခရီးသွားမှတ်တမ်းတစ်စောင်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သော နိုင်ငံခြားခရီးသွားမှတ်တမ်းများ၏ ရှေ့ပြေးခရီးသွားမှတ်တမ်းတစ်စောင်ဟုဆိုနိုင်သည်။ ရတနာပုံခေတ်တွင် ပေါ်ထွန်းခဲ့သော ကင်းဝန်မင်းကြီး၏ လန်ဒန်သွားမှတ်တမ်း၊ ပြင်သစ်သွားမှတ်တမ်း၊ ဦးခြိမ့်၏အီတာလျှံသွားမှတ်တမ်းတို့၏ ရှေ့ပြေးမှတ်တမ်းဟုဆိုနိုင်သည်။ ❖**

**ဘင်္ဂလားသွားစာတမ်းပါ အကြောင်းအရာများ**

ဘင်္ဂလားသွားစာတမ်းသည် "သက္ကရာဇ် ၁၁၈၇ ခု တပို့တွဲလ ရန္တပိုရွာတွင် စာချုပ်ရှိကြသည့်အတိုင်း အင်္ဂလိပ်အရေးပိုင် မယ်စယ်ဘော်ရဏီလာရောက်၍ ရွှေဘဝါးတော်မြတ်အောက်တွင် ခုနစ်လကျော်နေသည်။ နောက် မယ်စယ်ဘော်ရဏီက မြန်မာအရေးပိုင်ကို အထက်စာချုပ်ရှိသည့်အတိုင်း ဘင်္ဂလားမြို့သို့ သွားပါစေမည်အကြောင်းနှင့် ရှိခိုးသံတော်ဦးတင်လျှောက် မင်းကြီးမဟာစည်သူကို အရေးပိုင်၊ စာရေးကြီးမင်းလှနန္ဒကျော်ထင်ကို အတိုင်အပင် အပြောအဆိုခန့်ထား သွားစေ အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ရသည်ဖြစ်) မင်းကြီးမဟာစည်သူ၊ စာရေးကြီး မင်းလှနန္ဒကျော်ထင်တို့ ဘင်္ဂလားမြို့သို့သွားသည်။ ဘင်္ဂလားမြို့တွင် ကုမ္ပဏီမင်း (ဘုရင်ခံချုပ် Lord William Bentinck ကိုဆိုခြင်းဖြစ်သည်။ အရှေ့အိန္ဒိယကုမ္ပဏီကိုအစွဲပြု၍ ကုမ္ပဏီမင်းဟု မြန်မာတို့က ခေါ်ကြသည်) မတွေ့သောကြောင့် ကုမ္ပဏီရှိရာ ဟိန္ဒူဌာနီ (ဟိန္ဒူစတန်) အရပ်သို့လိုက်သွားရသည့်ကာလ ရောက်ပေါက်တွေ့မြင်ခဲ့ရသည့် မြို့ပြရွာပြည်အလုံးစုံအကြောင်းအရာများကို မှတ်သားသည့်စာတမ်းအကျဉ်း"ဟူ၍ နိဒါန်းကို အစချီထားသည်။

နိဂုံးတွင်ကား ကျမ်းပြီးနှစ်ရက်စွဲများမပါဘဲ ရန်ကုန်မြို့မှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာသော မြန်မာသံအဖွဲ့ကို ဘကြီးတော်စစ်ကိုင်းမင်းက ရေတပ်အခင်းအကျင်းဖြင့် အင်းဝမြို့အနောက် ဧရာဝတီမြစ်ကမ်းဘေးရှိ ခရမ်းပေါက်ရွာဆိပ်ကမ်းထိ သွားရောက်ကြိုဆိုပြီး သံအဖွဲ့တို့ပင့်ဆောင်လာသော ရုပ်ပွားတော်ကို အင်းဝမြို့အရှေ့မျက်နှာ၊ ရွှေတော်ယူတံခါးအတွင်း စွယ်တော်စင်ဘုရားတောင်ဘက်တွင် အမိုးသုံးထပ်လည်ပေါ်တန်ဆောင်းဆောက်၍ တည်ထားကိုးကွယ်သည့်အကြောင်းတွင် ကျမ်းကိုအပြီးသတ်ထားသည်။ ထိုအကြောင်းကို ဘင်္ဂလားသွားစာတမ်းကျမ်းအဆုံး၌ "မင်းကြီးမဟာစည်သူ၊ စာရေးကြီး မင်းလှနန္ဒကျော်ထင်တို့မှာ ဝါခေါင်လပြည့်ကျော် ၁၂ ရက်နေ့ ရန်ကုန်မြို့က ဆန်တက်ထွက်လာခဲ့ရာ ပြည်မြို့အထက် ညောင်ဝိုင်းရွာတွင် ဘုရားဘောင်ကို မှီ၍ လမ်းခရီးစခန်းသင့်ရာ ဆိုက်အိပ်ဆန်တက်ခဲ့သည်။ ၎င်းသီတင်းကျွတ်လဆန်း ၄ ရက်နေ့ ရွာသို့ရောက်လျှင် မဟာဇောဓိပင်၊ ဆိတ်ကြောင်းညောင်ပင်စေတီက ပင့်ဆောင်ခဲ့သည့်ဘုရားကို အကြိုအဆို အမိန့်တော်မြတ်နှင့်လာရသည့် ဝန်ကြီး၊ မင်းကြီး မဟာကျော်ထင်၊ မဟာမင်းကျော်ရာဇာ၊ စာရေးကြီး ပျံချီနော်ရထာ၊ အသုံးစာရေး၊ အဝေးရောက်၊ အမှာရေးတို့နှင့်တွေ့၍ ဘုရားဘောင်ယိုယွင်းပျက်စီးသည်များကို လုပ်ဆောင်ပြင်ဆင်ပြီးမှ ၎င်းလဆန်း ၆ ရက်နေ့ ထွက်ခဲ့ရာ ရဲပတိုင်းရွာတွင် အိပ်သည်။ ရဲပတိုင်းက ထွက်ခဲ့ရာ မြေငူရွာတွင်အိပ်သည်။ မြေငူရွာသို့ ဘုရားဘောင်ရောက်ကြောင်းနှင့် အကြိုလာသည့်ဝန်ကြီး ဝန်ထောက်တို့က သံတော်ဦးတင်လျှောက် သီတင်းကျွတ် လဆန်း ၉ ရက်နေ့ ထွက်တော်မူ၍ကြိုဆိုမည်၊ ဆိပ်ကမ်းကောင်းမွန်ရာအရပ် ဘုရားဘောင်ကိုရပ်ဆိုင်းနှင့်စေ အမိန့်တော်ပြန်၍ မြေငူအရပ်ဆိပ်ကမ်း မသင့်သောကြောင့် ၎င်းလဆန်း ၈ ရက်နေ့ ခရမ်းပေါက်ရွာသို့ ဆန်တက်၍ ရပ်ဆိုင်းနေရသည်။ ၉ ရက်နေ့ရောက်လျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရား မိဖုရား၊ သားတော်၊ သမီးတော် မှူးတော်၊ မတ်တော်အပေါင်းခြံရံလျက် ရွှေဘောင်ရွှေလှေမြစ်လုံးပြည့်မျှ၊ ကျည်းကလည်း ဗိုလ်မှူး၊ တပ်မှူး၊ သူရဲသူခက်၊ ဆင်၊ မြင်း၊ ရထားခြေသည် စစ်အင်္ဂါ လေးပါး အလုံးအရင်း ခင်းကျင်း၍ ထွက်တော်မူပြီးလျှင် ၎င်းနေ့ပင် ဘုရားဘောင်ကိုခတ်လှေ၊ ဆွဲလှေအများနှင့် ဆောင်ယူတော်မူခဲ့၍ ရွှေမြို့တော် မြစ်ငယ်တွင်း ဥဒည်တံခါးပြင်ဆိပ်သို့ရောက်လျှင် တစ်ရက်ဆိုင်းရပ်စေပြီးမှ ဘုရားကိုကောင်းမွန်စွာ ခင်ထိပ်ရထားနှင့်တင်ဆောင်ယူ၍ ရွှေနန်းတော်အတွင်း စွယ်တော်စင်ဘုရားတောင် သုံးထပ် အမိုးလည်ပေါ်တန်ဆောင်း ဆောက်လုပ်ပြီးလျှင် တန်ဆောင်းအတွင်း အုတ်စီခင်းသောပလ္လင်ထက် ကိန်းဝပ်စံနေတော်မူစေ၍ နံနက် ည အထူးထူးသော လှူဒါန်းဖွယ်တို့ဖြင့် လှူဒါန်းပူဇော်ကိုးကွယ်တော်မူသည်"ဟူ၍ ရေးသားဖော်ပြထားသည်။

ဘင်္ဂလားသွားစာတမ်း ရေးသားထားပုံသည် စေ့စပ်သေချာသည်။ သံအဖွဲ့၏ခရီးစဉ်ကို အင်းဝ ဆင်ကျုံးဆိပ်ကမ်းမှထွက်ခွာသည်ကစ၍ လမ်းခရီးစဉ်များ၊ လမ်းတွင်တွေ့ရသည့်မြို့၊ ရွာများ၊ ဒေသခံတို့၏ ရိုးရာဓလေ့များ၊ ဘုရင်ခံချုပ်နှင့်တွေ့ပုံ၊ လမ်းခရီးမြို့၊ ရွာများရှိ အင်္ဂလိပ်စစ်တပ်များ၏အခြေအနေ၊ အပြန်ခရီး၊ အင်းဝမြို့ရောက်သည်ထိ ရက်စဉ်နှင့်တကွ အသေးစိတ်ဖော်ပြထားသည်။ ထိုကဲ့သို့ ဘင်္ဂလားသွားစာတမ်း၌တွေ့ရသည့် ရေးသားဖော်ပြချက်များကို သင့်နိုးရာရာကို ထုတ်နုတ်၍ဖော်ပြပါဦးမည်။

မြန်မာသံအဖွဲ့သည် မောက်သူဇာဘက်မြို့သို့ ရောက်သည့်အခါ မောက်သူဇာဘက်မြို့ရှိ မြို့သူမြို့သားများ ဝတ်စားနေထိုင်ပုံဓလေ့၊ အဝတ်အထည် အခေါ်အဝေါ်များကို "မောက်သူဇာဘက်မြို့ဆိပ်ကမ်းတွင် ဦးပဲ့မိကျောင်းရုပ်လှေ၊ ဆင်ရုပ်လှေ၊ မြင်းရုပ်လှေ အများဆိုက်ထားရှိသည်။ မြို့သူမြို့သားတို့မှာ မုံကာထည်၊ ပုံးခြည်ကြာခြည် ဆာပါထည်မျိုး၊ အုပ်မျိုးများကို ရက်လုပ်ရောင်းဝယ်ကြသည်။ ၎င်းမြို့နေယောက်ျားတို့ဝတ်ဆင်သည်မှာ မုံကာထည် အဖြူအဝါ အစိမ်းအရှည် ခြောက်တောင်ကို ဝတ်ဆင်ကြသည်။ ၎င်းအဝတ်ကို ဒိုတီခေါ်သည်။ ဦးရစ်ခေါင်းပေါင်းမှာ အနံ နှစ်မိုက်ခန့်၊ အလျား ၂၅ တောင်ခန့်ခေါင်းပေါင်းကို ပေါင်းထားသည်။ ၎င်းခေါင်းပေါင်းကို ဘကရီခေါ်ဝေါ်သည်။ မိန်းမတို့မှာ မုံကာထည် အရှည် ကိုးတောင်ကို တစ်ပိုင်းခြုံတစ်ပိုင်းဝတ်သည်။ ၎င်းအဝတ်ကို ဆာရီခေါ်သည်"ဟူ၍ မှတ်တမ်းတင်ထားသည်။

ဘင်္ဂလားသွားစာတမ်းတွင် သံအဖွဲ့ရောက်ရှိခဲ့သည့်မြို့များတွင်ရှိသော လက်နက်ကိုင်တပ်အင်အား အခြေအနေကို အမြဲရေးသားဖော်ပြထားသည်ကို တွေ့ရသည်။ စစ်လက်နက်အင်အားမမျှတ၍ ရှုံးနိမ့်ခဲ့ရသော မိမိတို့နိုင်ငံအခြေအနေနှင့် အင်္ဂလိပ်နိုင်ငံ၏ စစ်တပ်အင်အားအခြေအနေကိုသိစေရန် သေချာရေးသားဖော်ပြခဲ့သည်ဟုယူဆရသည်။ ရန်သူ၏ စစ်တပ်အင်အားကိုသိစေလို၍ ရေးသားဖော်ပြခြင်းဖြစ်တန်ရာသည်။ မိမိတို့နိုင်ငံအနေဖြင့် ပေါ့ပေါ့တန်တန် သဘောမထားဘဲ အမြဲဆင်ခြင်သတိပြုနေနိုင်ရန်ရည်ရွယ်၍ ရေးသားခြင်းဖြစ်နိုင်သည်။ ဥပမာအားဖြင့် အဇာနတ်မြို့ရှိ စစ်အင်အားအခြေအနေကို "အဇာနတ်မြို့တွင် အင်္ဂလိပ်ဗိုလ်ကြီး ဗိုလ်ငယ်အများနေထိုင်ကြသည်။ မြို့စောင့်ကုလားနက်စစ်ပါရီ ၄၈၀၀၊ မြန်မာတို့မှာ ဗိုလ်၊ စစ်ကဲ၊ နာခံ၊ တပ်ရေးခန့်ထားသကဲ့သို့ ကပ္ပိတံ၊ လက်ပတံ၊ ဆုဗေဒါ၊ ဇမဒါ၊ အဟာဂဒါ၊ အမှုန္တာ၊ ဗိုလ်ကြီး ဗိုလ်ငယ်၊ တပ်အုပ် တပ်မှူး၊ သွေ့ကြီး၊ အကြပ်အစုံခန့်ထား စောင့်စေသည်"ဟူ၍လည်းကောင်း၊ "ဗာရာဏသီမြို့ရှိစစ်အင်အားအခြေအနေကို "အစောင့်အနေ ဂူရာစစ်ပါရီ ၂၀၀၊ ၎င်းမြင်းစီး ၂၀၀၊ ကုလားနက်စစ်ပါရီ ၂၄၀၀၊ ၃ စု ၂၈၀၀ နှင့် ယခင် အဇာနတ်မြို့တွင် တပ်အရာရှိ အစုံခန့်ထားစောင့်နေစေသည်နည်း အစောင့်အနေခန့်ထားရှိသည်"ဟူ၍ လည်းကောင်း မှတ်တမ်းတင်ထားသည်။

အချုပ်ဆိုရသော် စိန္တကျော်သူဦးရွှဲ ရေးသားပြုစုသည်ဟုယူဆရသော ဘင်္ဂလားသွားစာတမ်းသည် အမရပူရခေတ်တွင် စကားပြေဖြင့် ရေးသားထားသည့် နိုင်ငံခြားသွားခရီးသွားမှတ်တမ်းတစ်စောင်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သော နိုင်ငံခြားခရီးသွားမှတ်တမ်းများ၏ ရှေ့ပြေးခရီးသွားမှတ်တမ်းတစ်စောင်ဟုဆိုနိုင်သည်။ ရတနာပုံခေတ်တွင် ပေါ်ထွန်းခဲ့သော ကင်းဝန်မင်းကြီး၏ လန်ဒန်သွားမှတ်တမ်း၊ ပြင်သစ်သွားမှတ်တမ်း၊ ဦးခြိမ့်၏ အီတာလျှံသွားမှတ်တမ်းတို့၏ ရှေ့ပြေးမှတ်တမ်းဟုဆိုနိုင်သည်။ ဘင်္ဂလားသွားစာတမ်းသည် ကုန်းဘောင်ခေတ်တွင် အစောဆုံးပေါ်ခဲ့သည့် နိုင်ငံခြားသွားခရီးသွားမှတ်တမ်း ဖြစ်သော်လည်း အမှတ်အသားအနေဖြင့် မညံ့လှချေ။ ပါသင့်ပါထိုက်သည့်အကြောင်းအရာများကို ပြည့်စုံစွာထည့်သွင်းရေးသားထားသည့် မှတ်တမ်းတစ်စောင်ဖြစ်သည်။ ကင်းဝန်မင်းကြီး၏ နိုင်ငံခြားသွားခရီးသွားမှတ်တမ်းများကဲ့သို့ သိသူမများလှချေ။ ဘင်္ဂလားသွားစာတမ်းသည် အမျိုးသားစာကြည့်တိုက်ရှိ ပေမူဘဝမှ ပုံနှိပ်အဖြစ်သို့ရောက်အောင် ဆရာမကြီး ဒေါ်ကြန်ကတည်းဖြတ်၍ ၁၉၆၃ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ သို့သော် ၎င်းပုံနှိပ်စာအုပ်ပင် ယခုအခါ အတော်ရှားနေပြီဖြစ်သည်။ လန်ဒန်သွားမှတ်တမ်း၊ ပြင်သစ်သွားမှတ်တမ်း၊ အီတာလျှံသွားမှတ်တမ်းတို့ကို ပြန်လည်ထုတ်ဝေထားသော်လည်း ဘင်္ဂလားသွားစာတမ်းကို ပြန်လည်ထုတ်ဝေခြင်းမရှိသေးပါ။ ထို့ကြောင့် သုတေသီများ အလွယ်တကူလေ့လာနိုင်ရန် ဘင်္ဂလားသွားစာတမ်းသည် ပြန်လည်ထုတ်ဝေသင့်သော ခရီးသွားမှတ်တမ်းတစ်စောင်ပင်ဖြစ်သည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၈၁၉၄ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလစတုတ္ထပတ်မှစတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ကုလားပဲဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားမယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံများ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို တောင်သူများအား ချိတ်ဆက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကြံခင်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကြံခင်းမြို့နယ် ပြည့်စင်ကွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၆၇၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **သံသာ**

## ရွှေစည်းခုံမှ တင်ကျော်ကျော်

- ကျန်စစ်မင်းသား
လှံဖျားထောက်ရာ သည်နေရာတဲ့
များစွာနတ်လူ ကြည်ဖြူဝပ်တွား
တည်ထားကြပုံ အဘယ်ပုံတဲ့
အရဏ်ဆွမ်းကပ် သိကြားနတ်တို့
မပြတ်ကြည်ယုံ ရွှေစည်းခုံတဲ့
ဂုဏ်တော်အသွယ်သွယ် အံ့ဖွယ်သရဲ
ထူးကဲဘိကြောင်း သမိုင်းကြောင်းကို
ပြန်ပြောင်းလှစ်ဟ ရှင်းလင်းပြသည်
အာဂကလေး သူငယ်လေး။

- ရှစ်နှစ်ကိုးနှစ် ဖူးသစ်နုနယ်
အရွယ်နှင့်ပင် မမျှချင်အောင်
ကျွမ်းကျင်လှသေး လူမှုရေးနှင့်
နှုတ်ရေးစကားတတ် ပါးနပ်လိမ္မာ
အံ့လောက်စွာမို့ နာမည်မေးသော်
တင်ကျော်ကျော်တဲ့ ကျွန်တော်ကျောင်းသား
ကျောင်းအားရက်မှာ
မေတ္တာလည်းလှူ ကုသိုလ်ယူသတဲ့။

- ဘုရားဝန်းကျင် နှံ့စင်ဖူးမြော်
ပြန်ခဲ့သော်မူ တင်ကျော်ကျော်လေး
ကားနံဘေးဝယ် ချိုအေးကြည်မြ
လက်ပြရွှင်ပြုံး နှုတ်ဆက်တုန်းဝယ်
ဖုန်လုံးလှိုင်းများ တံတိုင်းခြား၍
ဝေဝါးကျန်ရစ်ခဲ့လေပြီ။

- ဖုန်လုံးထဲမှာ ကျန်ခဲ့ရှာသည့်
သည်းချာရင်သွေး ထိုကလေး၏
ရှေ့ရေးချောပြေ အလှဖွေစဉ်
ခေတ်ရေစီးကြောင်း သမိုင်းကြောင်းဝယ်
လမ်းကောင်းခမျာ တွေ့ပါစေ။

- သုံးတန်းလေးတန်း မူလတန်းမှ
အတန်းတိုင်းလွန် ပညာချွန်၍
ဘွဲ့လွန်ဂုဏ်ထူး ထိုမုခ်ဦးထိ
ဖြောင့်ဖြူးတက်လှမ်း ဘဝလမ်းဝယ်
အောင်ပန်းခမျာ ရပါစေ။ ။

**မြင်းမူမောင်နိုင်မိုး**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## နိုင်ငံတကာ သတင်းများ

# ဟားမတ်စ်အုပ်စု လက်နက်များ မဖြစ်မနေဖြုတ်သိမ်းရန် သမ္မတဒေါ်နယ်ထရမ့် ပြောကြား

**ဝါရှင်တန် အောက်တိုဘာ ၁၅**

ဟားမတ်စ်အုပ်စု အနေဖြင့် လက်နက်များ မဖြစ်မနေဖြုတ်သိမ်းရန်လိုအပ်မှုကို မိမိအနေဖြင့် ဆက်သွယ် အသိပေးထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိမ်ဖြူတော်၌ အာဂျင်တီးနား သမ္မတ ဇေဗီယာမိုင်လီနှင့် တွေ့ဆုံဆွေးနွေးစဉ် သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်အုပ်စု အနေဖြင့် လက်နက်များစွန့်လွှတ်ရန် မဖြစ်မနေလိုအပ်ကြောင်း၊ အကယ်၍ ဖြုတ်သိမ်းခြင်းမရှိခဲ့ပါက မိမိတို့က ဖြုတ်သိမ်း ပေးရလိမ့်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဟားမတ်စ်အုပ်စု အနေဖြင့်လည်းလက်နက်များ ဖြုတ်သိမ်းရန် သဘောတူထားပြီး ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သမ္မတဒေါ်နယ်ထရမ့်၏ ဂါဇာ ငြိမ်းချမ်းရေးအစီအစဉ် ပထမ အဆင့်အရ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အောက်တိုဘာ ၈ ရက်တွင် ဂါဇာပဋိပက္ခ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူနိုင်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက်ပေါင်း ၂၀ ပါ ဂါဇာ ငြိမ်းချမ်းရေးအစီအစဉ်တွင် ဟားမတ်စ်အုပ်စု လက်နက်စွန့်လွှတ်ရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဘင်္ဂလားဒေ့ရှ်၌ အထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွား အနည်းဆုံး ၁၆ ဦး သေဆုံး၍ ၁၈ ဦး ဒဏ်ရာရရှိ

**ဒါကာ အောက်တိုဘာ ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ အောက်တိုဘာ ၁၄ ရက်က အထည်ချုပ်စက်ရုံ တစ်ရုံနှင့် ဓာတုပစ္စည်း ကုန်လှောင်ရုံ တစ်ရုံတို့ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၆ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုသည် အထပ်ခုနစ်ထပ်ရှိ အထည်ချုပ်စက်ရုံအဆောက်အအုံ၏ တတိယထပ်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုအတွင်း ပေါ်ထွက်လာသည့် အဆိပ်အတောက်ရှိဓာတ်ငွေ့များနှင့် ခေါင်မိုးထပ်သို့ တက်သည့် တံခါးပိတ်ထားမှုကြောင့် လူပေါင်း ၁၆ ဦးထိ သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အထည်ချုပ်စက်ရုံမီးလောင်ကျွမ်းမှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ကမ္ဘာ့ဒုတိယ အကြီးဆုံး အထည်ချုပ်လုပ်ငန်းတည်ရှိရာ နိုင်ငံဖြစ်သည်။

သို့ရာတွင် ဘေးအန္တရာယ်လုံခြုံရေးစည်းမျဉ်းများ လိုက်နာမှုအားနည်းခြင်းကြောင့် ဘင်္ဂလားဒေ့ရှ် အထည်ချုပ်လုပ်ငန်းများ၌ မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ဆီးရီးယားသမ္မတနှင့် ရုရှားသမ္မတတို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးမည်



**မော်စကို အောက်တိုဘာ ၁၅**

ဆီးရီးယားသမ္မတ အာမက် အယ်လ်ရှာရားသည် ယနေ့တွင် ရုရှားသမ္မတပူတင်နှင့် မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဆီးရီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယနေ့ မော်စကိုခရီးစဉ်သည် ဆီးရီးယားသမ္မတသစ် အယ်လ်ရှာရား၏ ပထမဆုံးရုရှားနိုင်ငံခရီးစဉ်ဖြစ်သည်။

မော်စကိုဆွေးနွေးပွဲတွင် ရုရှားသမ္မတပူတင်နှင့် သမ္မတ အယ်လ်ရှာရားတို့အနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာပြဿနာများ၊ နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်ကြောင်း ဆီးရီးယားသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

သမ္မတ အယ်လ်ရှာရား၏ မော်စကိုခရီးစဉ်တွင် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးနှင့် စစ်ဘက်ဆိုင်ရာထိပ်တန်းခေါင်းဆောင်များ လိုက်ပါသွားကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် ဆီးရီးယားသမ္မတတို့အနေဖြင့် ဆီးရီးယားနိုင်ငံအတွင်းရှိ ရုရှားစစ်စခန်းများ၏ အနာဂတ်နှင့်ပတ်သက်၍လည်း ဆွေးနွေးမည်ဖြစ်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယား သမ္မတသစ် အယ်လ်ရှာရားသည် အာဏာရရှိခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံနှင့် လက်တွေ့ကျသည့် ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **Ref : RT**
**Trs : KKO**

# တရုတ်လေကြောင်းများ ရုရှားလေပိုင်နက်အသုံးပြုမှုပိတ်ပင်ရေးအဆိုကို စွန့်လွှတ်ရန် အမေရိကန်အစိုးရကို တရုတ်လေကြောင်းလိုင်းများတိုက်တွန်း

**ပေကျင်း အောက်တိုဘာ ၁၅**

အမေရိကန် ခရီးစဉ်များ ပျံသန်းရာတွင် တရုတ်လေကြောင်းလိုင်းများ ရုရှားလေပိုင်နက်အသုံးပြုမှု ပိတ်ပင်မည့်အစီအစဉ်ကိုစွန့်လွှတ်ရန် တရုတ်လေကြောင်းလိုင်းများက အောက်တိုဘာ ၁၄ ရက်တွင် အမေရိကန်အစိုးရကို တိုက်တွန်းထားကြောင်း သိရသည်။

အမေရိကန် ခရီးစဉ်များအတွက် တရုတ်လေကြောင်းလိုင်းများ ရုရှားလေပိုင်နက်အသုံးပြုမှုကို ပိတ်ပင်ခဲ့ပါက ပျံသန်းချိန်ရှည်ကြာ၍ ခရီးစဉ် ကုန်ကျစရိတ်မြင့်တက်လာနိုင်ကြောင်း တရုတ်လေကြောင်းလိုင်းများက ပြောကြားခဲ့သည်။

အမေရိကန်လေကြောင်းလိုင်းများ နစ်နာနေရမှုကြောင့် အမေရိကန်ခရီးစဉ်များအတွက် တရုတ်လေကြောင်းလိုင်းများအသုံးပြုမှုကို ပိတ်ပင်ရန် အမေရိကန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အဆိုပြုထားသည်။

သို့ရာတွင် အမေရိကန်ခရီးစဉ်များအတွက် တရုတ်လေကြောင်းလိုင်းများ ရုရှားလေပိုင်နက်အသုံးပြုမှုကို ပိတ်ပင်ခဲ့ပါက တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံစလုံးရှိ ခရီးသည်များအပေါ် ဆိုးကျိုးသက်ရောက်မှုရှိလာနိုင်ကြောင်း တရုတ်လေကြောင်းလိုင်းများက ပြောကြားထားသည်။

ယူကရိန်းပဋိပက္ခစတင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံသည် ရုရှားလေကြောင်းလိုင်းများ အမေရိကန် လေပိုင်နက်အသုံးပြုခွင့်ကို ပိတ်ပင်ထားရာ ရုရှားနိုင်ငံကလည်း အမေရိကန်လေကြောင်းလိုင်းများ ရုရှားလေပိုင်နက်အသုံးပြုခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ ရုရှားလေပိုင်နက်အသုံးပြုခွင့်ရထားသည့် တရုတ်လေကြောင်းလိုင်းများမှာ နိုင်ငံတကာ လမ်းကြောင်းများ၌ ဈေးကွက်ဝေစု မြှင့်တင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အင်ဒိုနီးရှားနိုင်ငံ၌ လောင်စာဆီတင်သင်္ဘောမီးလောင်မှုဖြစ်ပွား အနည်းဆုံး ၁၀ ဦးသေဆုံး၍ ၁၈ ဦးဒဏ်ရာရရှိ

**ဂျကာတာ အောက်တိုဘာ ၁၅**



အင်ဒိုနီးရှားနိုင်ငံ ရီအောကျွန်းစုပြည်နယ်၌ ယနေ့တွင် လောင်စာဆီတင် သင်္ဘောတစ်စီး မီးလောင်ခဲ့ရာ အနည်းဆုံးလူ ၁၀ဦး သေဆုံး၍ ၁၈ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

လောင်စာဆီတင် သင်္ဘောမီးလောင်မှုသည် ဘာတမ်မြို့ သင်္ဘောကျင်းတစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရီအောကျွန်းစုပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမ်တီဖက်ဒရယ်-၂အမည်ရှိ အဆိုပါလောင်စာဆီတင်သင်္ဘောသည် ဘာတမ်သင်္ဘောကျင်း၌ ပြုပြင်မှုများပြုလုပ်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သင်္ဘောကျင်း၌ ပြင်ဆင်မှုများ ပြုလုပ်နေချိန်ဖြစ်ရာ အမ်တီဖက်ဒရယ်-၂ လောင်စာဆီတင်သင်္ဘောမှာ လောင်စာဆီများ တင်ဆောင်ထားခြင်းမရှိကြောင်း သင်္ဘောကျင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အမ်တီဖက်ဒရယ်-၂ လောင်စာဆီတင်သင်္ဘောမီးလောင်မှု နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ယခုနှစ် ဇွန်လကလည်း ဘာတမ်မြို့သင်္ဘောကျင်း၌ ပြုပြင်ထိန်းသိမ်းရေး ပြုလုပ်နေသည့် ရေယာဉ်တစ်စီး မီးလောင်ခဲ့ရာ လူလေးဦးသေဆုံးခဲ့ရပြီး ကိုးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက ဂျပန်ရေဒါဂြိုဟ်တုတစ်စင်းကို အောက်တိုဘာ ၁၄ ရက်တွင် အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်နိုင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ဂျပန်ရေဒါဂြိုဟ်တုတစ်စင်းကို အောက်တိုဘာ ၁၄ ရက်တွင် အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဂျပန်အခြေစိုက် Synspective ကုမ္ပဏီ၏ ရေဒါဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်ဟု Rocket Lab ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် Strix အမည်ရှိ အထက်ပါရေဒါဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၆၂ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေဒါဂြိုဟ်တုသည် ဂျပန်နိုင်ငံအခြေစိုက် Synspective ကုမ္ပဏီ၏ သတ္တမမြောက် Strix ရေဒါဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Synspective ကုမ္ပဏီသည် အထက်ပါ Strix ရေဒါဂြိုဟ်တု ခုနစ်စင်းလုံးကို Rocket Lab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံနှင့်ပင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၁၄ ရက် မစ်ရှင်သည် Rocket Lab ကုမ္ပဏီအတွက် ၂၀၂၅ ခုနှစ်၏ ၁၅ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## အီကွေဒေါနိုင်ငံ အမေဇုန်မိုးသစ်တောဒေသမှ ရရှိသောပယင်းကျောက်အတွင်း နှစ်ပေါင်း သန်း ၁၀၀ ကျော်သက်တမ်းရှိ အင်းဆက်ပိုးများကို ရှာဖွေတွေ့ရှိ

**မက်ဒရစ် အောက်တိုဘာ ၁၅**

အီကွေဒေါနိုင်ငံ အမေဇုန်မိုးသစ်တောဒေသမှ ရရှိသောပယင်းကျောက်အတွင်း နှစ်ပေါင်း သန်း ၁၀၀ ကျော်သက်တမ်းရှိ အင်းဆက်ပိုးများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ ပယင်းကျောက်အတွင်းရှိနေသော အင်းဆက်သည် ဒိုင်နိုဆော သတ္တဝါများနှင့်အတူ လွန်ခဲ့သောနှစ်ပေါင်း ၁၁၂ သန်းက ရှင်သန်ခဲ့ကြသည့် အင်းဆက်များဖြစ်ကြကြောင်း စပိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အီကွေဒေါမိုးသစ်တောမှ ရရှိသည့် ပယင်းကျောက်အတွင်းရှိ အင်းဆက်များကို လေ့လာခြင်းဖြင့် တောင်အမေရိကတိုက်၏ ခရီတေးစီးယပ်စ်ဘူမိခေတ် ဂေဟစနစ်ကို နားလည်လာရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း စပိန် သိပ္ပံပညာရှင်များက ပြောကြားသည်။



အထက်ပါ ပယင်းကျောက်ကို စပိန်နိုင်ငံ ဘာစီလိုနာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက အီကွေဒေါနိုင်ငံ နာပိုပြည်နယ် အာခီဒိုနာမြို့အနီး ကျောက်ကျင်းတစ်ခုတွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပယင်းကျောက်အတွင်း ခရီတေးစီးယပ်စ် ဘူမိခေတ်နကျယ်ကောင်များ၊ ပိုးတောင်မာများနှင့် ယင်ကောင်များလည်း ပါဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါပယင်းကျောက်အတွင်း ခရီတေးစီးယပ်စ်ဘူမိခေတ် ပင့်ကူအစိတ်အပိုင်းတစ်ခုလည်း ပါဝင်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## သက်နုကြယ်တစ်စင်း၏ပတ်ပတ်လည်ရှိ ဓာတ်ငွေ့ချပ်ဝန်းလွှာနယ်မြေအတွင်း ဂြိုဟ်သစ်တစ်စင်း ဖွဲ့စည်းဖြစ်ပေါ်နေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထား

**ဝါရှင်တန် အောက်တိုဘာ ၁၅**

သက်နုကြယ်တစ်စင်း၏ ပတ်ပတ်လည်ရှိ ဓာတ်ငွေ့ချပ်ဝန်းလွှာနယ်မြေအတွင်း ဂြိုဟ်သစ်တစ်စင်း ဖွဲ့စည်းဖြစ်ပေါ်နေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်ငယ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၄၃၇ နှစ်အကွာတွင်ရှိသော သက်နုကြယ်တစ်စင်း၏ ဓာတ်ငွေ့ချပ်ဝန်းလွှာနယ်မြေ၌ ဖွဲ့စည်းဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

WISPIT 2b ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်ငယ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ငါးသန်းသာရှိသော်လည်း ဒြပ်ထုမှာ နေအဖွဲ့အစည်းအတွင်းရှိ ကြာသပတေးဂြိုဟ်ထက် များစွာပိုကြီးမားကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

WISPIT 2b ဂြိုဟ်ကို သိပ္ပံပညာရှင်များက ချီလီနိုင်ငံအခြေစိုက် မာလဲလန်ရေဒီယိုတယ်လီစကုပ်နှင့် အရီဇိုးနားပြည်နယ်အခြေစိုက် အယ်လ်ဘီတီရေဒီယိုတယ်လီစကုပ်တို့၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

WISPIT 2b ဂြိုဟ်ကို လေ့လာခြင်းဖြင့် ကြယ်များ၏ ဓာတ်ငွေ့ချပ်ဝန်းလွှာအတွင်း ဂြိုဟ်များ မည်သို့ဖွဲ့စည်းဖြစ်ပေါ်လာသည်ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကြယ်တစ်စင်း၏ဓာတ်ငွေ့ချပ်ဝန်းလွှာအတွင်း ဂြိုဟ်ငယ်တစ်စင်းပေါ်ထွက်လာမှုကို ပထမဆုံးအနေဖြင့် တိုက်ရိုက်လေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## သဘာဝကင်ဆာတိုက်ဖျက်ရေးဆဲလ်များကို အမေရိကန်သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိ

**နယူးယောက် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် နည်းပညာအင်စတီကျုမှ သုတေသန ပညာရှင်များသည် သဘာဝကင်ဆာ တိုက်ဖျက်ရေးဆဲလ်များကို ရှာဖွေတွေ့ရှိထားကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကင်ဆာဆဲလ်များရှိနေသော ကြွက်များကို CAR-NK ခေါ် သဘာဝကင်ဆာသတ်ဆဲလ်တစ်မျိုး ထိုးနှံလေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ CAR-NK ဆဲလ်များသည် ကြွက်များ၏ ကိုယ်ခန္ဓာအတွင်း သီတင်းသုံးပတ်ကြာ ရှိနေပြီး ကင်ဆာဆဲလ်များကိုလည်း အားလုံးနီးပါး ရှင်းလင်းဖျက်ဆီးနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဆိုပါ CAR-NK ဆဲလ်များကို ဇီဝအင်ဂျင်နီယာနည်းပညာဖြင့် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဗီဇ ပြုပြင်ပြောင်းလဲထားသည့် CAR-NK ဆဲလ်များသည် လူ့ခုခံအားစနစ်အတွင်းရှိ တီ-ဆဲလ်များ၏ ထောက်လှမ်းဖျက်ဆီးမှုကို ရှောင်ရှားနိုင်ပြီး ကင်ဆာဆဲလ်များကို ဖျက်ဆီးပေးနိုင်ကြောင်း သိရသည်။

ကင်ဆာကုထုံးများတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးနေသည့် CAR-T ဆဲလ်များနှင့်နှိုင်းယှဉ်ပါက ဓာတုကုထုံး နောက်ဆက်တွဲအကျိုးဆက်တစ်မျိုးဖြစ်သည့် Cytokine Release Sydrome ခေါ် ပြဿနာတစ်မျိုး ပေါ်လာနိုင်ခြေပိုနည်းကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## နာတာရှည်ပင်ပန်းနွမ်းနယ်မှုပြဿနာအတွက် ကမ္ဘာ့ပထမဆုံး သွေးစစ်နည်းကို ဗြိတိန်သုတေသနပညာရှင်များ စမ်းသပ်နေ

**လန်ဒန် အောက်တိုဘာ ၁၅**

နာတာရှည် ပင်ပန်းနွမ်းနယ်မှုပြဿနာ(Chronic Fatigue Syndrome)အတွက် ကမ္ဘာ့ပထမဆုံး သွေးစစ်နည်းကိုဗြိတိန်သုတေသန ပညာရှင်များက စမ်းသပ်နေကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

နာတာရှည် ပင်ပန်းနွမ်းနယ်မှုပြဿနာကို ဆေးပညာအားဖြင့် Myalgic Encephalomyelitis (ME)ဟူ၍ သိရှိထားသည်။

လက်ရှိအချိန်တွင် နာတာရှည်ပင်ပန်းနွမ်းနယ်မှုရောဂါကို ဖော်ထုတ်ရာတွင် ရောဂါလက္ခဏာများကို ဆန်းစစ်၍ အခြားနောက်ခံအကြောင်းတရားများကို စိစစ်ပြီးမှသာ စစ်ဆေးဖော်ထုတ်နိုင်သည်။

သို့ရာတွင် မိမိတို့ဖန်တီးထားသော သွေးစစ်နည်းသည် ME ရောဂါကို ၉၆ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်နိုင်ကြောင်း ဗြိတိန်နိုင်ငံ အရှေ့အင်ဂျလီယာတက္ကသိုလ်နှင့် အောက်စဖို့အိုင်အိုဒိုင်းနမစ်ကုမ္ပဏီတို့မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Episwitch 3D Genomics အမည်ရှိ အဆိုပါသွေးစစ်နည်းကို ME လူနာ ၄၇ ဦး၊ ပုံမှန်ကျန်းမာရေးရှိသူ ၆၁ ဦးတို့ဖြင့် စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ကမ္ဘာ့ဖလား ခြေစစ်ပွဲအဆင့်တွင် ဂိုးအများဆုံး သွင်းယူနိုင်သည့်ကစားသမားအဖြစ် တိုက်စစ်မှူးစီရော်နယ်ဒို စံချိန်သစ်တင်

**လစ္စဘွန်း အောက်တိုဘာ ၁၅**

ပေါ်တူဂီအသင်းနှင့် ဟန်ဂေရီ အသင်းတို့ကစားခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲ သမိုင်းတွင် သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ကြောင်း သိရသည်။

ပေါ်တူဂီအသင်းသည် ဟန်ဂေရီ အသင်းနှင့်ပွဲစဉ်တွင် စီရော်နယ်ဒို၏ သွင်းဂိုး နှစ်ဂိုးဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သဖြင့် ခြေစစ်ပွဲ အောင်မြင်ရန် လာမည့် ပွဲစဉ်နှစ်ပွဲထိ စောင့်ကြည့်ရမည် ဖြစ်သော်လည်း အဆိုပါပွဲစဉ်တွင် စီရော်နယ်ဒိုက သွင်းဂိုး နှစ်ဂိုးစလုံး သွင်းယူခဲ့သည့်အတွက် ခြေစစ်ပွဲအဆင့်တွင် သွင်းဂိုး ၄၁ ဂိုးထိ ရှိခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်သစ် တင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလား ခြေစစ်ပွဲသမိုင်းတွင် ဂွါတီမာလာတိုက်စစ်မှူး ကားလို့စ်ရုဇ်က ခြေစစ်ပွဲ ၄၇ ပွဲ ကစားခဲ့ရာ သွင်းဂိုး ၃၉ ဂိုးထိ သွင်းယူနိုင်သည့် စံချိန်ကိုရရှိခဲ့ပြီး ယင်းစံချိန်ကို တိုက်စစ်မှူး စီရော်နယ်ဒိုက လိုက်မီခဲ့သကဲ့သို့ ယခု ဟန်ဂေရီအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ၄၁ ဂိုးဖြင့် ဂိုးသွင်း အများဆုံးဖြစ်လာခဲ့သည်။

၎င်းတို့နောက်တွင် အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီက သွင်းဂိုး ၃၆ ဂိုးဖြင့် တတိယ၊ အီရန်အသင်း တိုက်စစ်မှူး အလီဒါယီက သွင်းဂိုး ၃၅ ဂိုးဖြင့် စတုတ္ထ၊ ပိုလန်အသင်း တိုက်စစ်မှူး လီဝမ်ဒေါ စကီးက သွင်းဂိုး ၃၃ ဂိုးဖြင့် ပဉ္စမ နေရာတွင် အစဉ်လိုက်ရပ်တည်နေကြောင်း သိရသည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ကမ္ဘာ့ဖလား ခြေစစ်ပွဲအဆင့်တွင် ပထမဆုံးသွင်းဂိုးကို ၂၀၀၄ ခုနှစ်က စတင် သွင်းယူနိုင်ခဲ့ပြီးနောက် ခြေစစ်ပွဲ ၅၁ ပွဲ ကစားခဲ့ရာတွင် ၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဖရန့်ဖတ်အသင်းက ခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား နသန်နီရယ်ဘရောင်းကို အာဆင်နယ်အသင်း၊ မန်စီးတီးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့က စိတ်ဝင်စားနေသည့်အတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ရရှိမှသာ ရောင်းချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ခံစစ်ပိုင်းအခက်တွေ့နေသည့် ဂျူဗင်တပ်အသင်းက အင်တာမီလန်အသင်းကစားသမား စကရင်နေးယားနှင့် နာပိုလီအသင်းကို အမှတ်ပေးဖလားရယူပေးခဲ့သည့် ကင်မင်ဂျေးတို့ကိုလာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူရန်ပစ်မှတ်ထားနေသည်။

**ML**

## နိုင်ငံတကာပြိုင်ပွဲတွင် တိုက်စစ်မှူး မက်ဆီ ဂိုးဖန်တီးမှုအများဆုံး ကစားသမားဖြစ်လာ

**ဗျူနိုစ်အေရိစ် အောက်တိုဘာ ၁၅**

အာဂျင်တီးနား အသင်းက ပွာတိုရီကိုအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီက အသင်းအတွက် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ဂိုးဖန်တီးမှု အများဆုံး ကစားသမားဖြစ်လာခဲ့သည်။



ယခင်က နိုင်ငံအသင်းတွင် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် တိုက်စစ်မှူးမက်ဆီ၊ ဘရာဇီး တိုက်စစ်မှူး နေမာ၊ အမေရိကန် တိုက်စစ်မှူး ဒိုနိုဗန်တို့က ဂိုးဖန်တီးမှု ၅၈ ကြိမ်စီဖြင့် အများဆုံးကစားသမားများအဖြစ် ရပ်တည်နိုင်ခဲ့သည်။

သို့သော် ယခုပွဲတွင် တိုက်စစ်မှူး မက်ဆီက ပွဲကစားချိန် ၂၃ မိနစ်တွင် မွန်တီရယ်၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၈၄ မိနစ်တွင် မာတီနက်ဇ်၏ သွင်းဂိုးတို့ကို ဖန်တီးမှု နှစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် နိုင်ငံတကာပြိုင်ပွဲများတွင် ဂိုးဖန်တီးမှု အကြိမ် ၆၀ ထိ ရှိလာခဲ့ပြီး နေမာနှင့် ဒိုနိုဗန်တို့၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

မက်ဆီသည် အသက် ၁၉ နှစ်အရွယ် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းအတွက် ပွဲထွက်ခွင့်ရခဲ့သည့်အချိန်၌ ဂိုးဖန်တီးမှု စတင်ပြုလုပ်နိုင်ခဲ့ပြီးနောက် နိုင်ငံအသင်းနှင့်အတူ ဂိုးဖန်တီးမှုအများဆုံး ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## ကိုရင်သီယန်အသင်းက တိုက်စစ်မှူး ဒီပေးကို စာချုပ်သက်တမ်းတိုးရန်ဆုံးဖြတ်

**ဘရာဇီးလီးယား အောက်တိုဘာ ၁၅**

ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသည် တိုက်စစ်မှူးဒီပေးကို အပိုဆုကြေး ပေးချေရမှုနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိနေသော်လည်း အသင်းတာဝန်ရှိသူများက ကစားသမား၏ခြေစွမ်းပိုင်းကြောင့် သက်တမ်းတိုးရန်ဆုံးဖြတ်ခဲ့သည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူး ဒီပေးသည် ကိုရင်သီယန်အသင်းနှင့် ၂၀၂၆ ခုနှစ် နှစ်လယ်ပိုင်းမှ စာချုပ်ကုန်ဆုံးမည် ဖြစ်သော်လည်း ကစားသမားအနေဖြင့် ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၁ ပွဲတွင် သွင်းဂိုး ခုနစ်ဂိုးထိ သွင်းယူ၍ အသင်းကို ဆုဖလားရရှိအောင် ပါဝင်ကူညီနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

သို့သော် ဒီပေး၏ အပြောင်းအရွှေ့မှာ အရစ်ကျပေးချေရသည့် အတွက် ကစားသမားအနေဖြင့် အပိုဆုကြေးမရရှိမှုကြောင့် ကလပ်အသင်းနှင့် အဆင်မပြေမှုများရှိနေသော်လည်း ကိုရင်သီယန်အသင်းက ဒီပေး၏ခြေစွမ်းပြနိုင်မှုကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

တိုက်စစ်မှူးဒီပေးသည် ကစားသမားဘဝကို ဥရောပကလပ်အသင်းများဖြစ်သည့် အေတီကိုအသင်း၊ ဘာစီလိုနာအသင်း၊ လိုင်ယွန်အသင်း၊ မန်ယူအသင်းတို့၌ ကျင်လည်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ဘရာဇီးကလပ်သို့ ပြောင်းရွှေ့ခဲ့ချိန်တွင် ခြေစွမ်းပိုင်းသိသာစွာ တိုးတက်လာခဲ့ပြီး နယ်သာလန်လက်ရွေးစင်အသင်းတွင်လည်း အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ကာ ဖင်လန်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင်လည်း အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးသွင်းဂိုး ၅၄ ဂိုးဖြင့် ဗန်ပါစီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

## Pro Myo Win Aung Association(PMA) ဂေါက်သီးရိုက်အသင်း၏ ပထမအကြိမ် Tour Pro နှင့် Senior Pro ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**မန္တလေး အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှု၊ အထက်မြန်မာပြည် ဂေါက်သီးအဖွဲ့ ချုပ်ဆပ်ကော်မတီ၏ လမ်းညွှန် ကြီးကြပ်မှုဖြင့် Pro Myo Win Aung Association(PMA) ဂေါက်သီးရိုက် အသင်း၏ ပထမအကြိမ် သီတင်း ကျွတ်ဖလား Tour Pro နှင့် Senior Pro ဖိတ်ခေါ် ဂေါက်သီးရိုက်ပြိုင်ပွဲ၊ အသင်းသူ၊ အသင်းသားများ စုံညီဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ပြုလုပ်ရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ ချုပ်ဆပ်ကော်မတီ၊ Pro Myo Win Aung Association (PMA)မှ တာဝန်ရှိသူများနှင့် ရေတံခွန်တောင်



ဂေါက်ကွင်းတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဦးစွာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစား အဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးမြင့်သောင်း၊ ဗဟို အလုပ်အမှုဆောင်များဖြစ်သော ဦးတင်မောင်မောင်ဝင်း၊ ဦးရန်နိုင်အေး၊ ဦးအောင်ကိုဇော်၊ ရေတံခွန်တောင် ဂေါက်ကွင်း အထွေထွေမန်နေဂျာ ဦးသန့်ဇင်ဦး၊ Pro Myo Win Aung Association (PMA) ဥက္ကဋ္ဌ ဦးကိုဦး၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မိုက်၊ အသင်းခေါင်းဆောင် ဦးထွန်းခိုင်နှင့် ပြန်ကြားရေးမှူး ဦးနေဇာလင်းတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင် ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ပြိုင်ပွဲတွင် Tour Pro အဆင့်(၃၀)ဦး၊ Senior Pro အဆင့် (၂၅)ဦးနှင့် ဝါသနာရှင်အဆင့် (အမျိုးသား) လေးဦး၊ စုစုပေါင်း ၅၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မန္တလေးမြို့ရှိ ရေတံခွန်တောင် ဂေါက်ကွင်း၌ ယနေ့မှစ၍ အောက်တိုဘာ ၁၈ ရက်ထိ လေးရက်ကြာ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက မကာအိုအသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၁၅**

အာရှယူ-၁၇အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြန်မာအသင်းနှင့်မကာအိုအသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အာရှယူ-၁၇ အမျိုးသမီးပြိုင်ပွဲ ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနေပြီး အုပ်စုတွင် မြန်မာအသင်း၊ မကာအိုအသင်း၊ အင်ဒိုနီးရှားအသင်းတို့ တစ်အုပ်စုတည်းကျရောက်နေသည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်မြန်မာအသင်းက အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် နှစ်မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံး၊ ပွဲချိန် ၁၉ မိနစ်နှင့် ၄၅ မိနစ်တွင် ပင်မြင်ယံ၊ ၄၂မိနစ်တွင် L L Sai Hwal Nan၊ ၄၅မိနစ်ပြည့်ပြီး အချိန်ပို နှစ်မိနစ်တွင် ခိုင်ဇင်မြင့်တို့က သွင်းယူပေးနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် မိနစ် ၆၀နှင့် ၆၃မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုံးက မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံ သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် အဆုံးအဖြတ်ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၇ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။ **STA**

# BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဟန်နာဂရင်းထုတ်ပြန်

**ဆိုးလ် အောက်တိုဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံ ပါဂျူဒေသတွင်ကျင်းပသွားမည့် BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသြစတြေးလျ ဂေါက်သီးရိုက်မယ် ဟန်နာဂရင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဟန်နာဂရင်းသည် လက်ရှိချန်ပီယံဖြစ်ပြီး ၎င်းအနေဖြင့် လက်ရှိချန်ပီယံဆုအား ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟန်နာဂရင်းသည် ပြီးခဲ့သည့် ဂေါက်သီးရိုက်ရာသီတွင် ဆုဖလားသုံးလုံးထိရရှိခဲ့သော်လည်း ယခုနှစ်ရာသီတွင်မူ ပုံစံကောင်းပျောက်ဆုံးကာ အောင်မြင်မှုရယူနိုင်ခြင်းမရှိသည့်အတွက် ကမ္ဘာ့အဆင့် (၁၉) နေရာထိ ကျဆင်းခဲ့သည်။

ကမ္ဘာ့အဆင့် (၅) နေရာထိ အမြင့်ဆုံးတက်ရောက်ခဲ့ဖူးသည့် ဟန်နာဂရင်းအနေဖြင့် ရာသီမကုန်မီ ကမ္ဘာ့အဆင့်(၁၀) အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ပစ်မှတ်ထား နေကြောင်းလည်း သိရသည်။

ဟန်နာဂရင်းက "ဒီနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ကျွန်မကစားချင်တဲ့ ပုံစံအတိုင်း မကစားနိုင်ခဲ့ဘူး ဖြစ်နေတယ်။ ပြီးခဲ့တဲ့ လအနည်းငယ်အတွင်းမှာ ကျွန်မအနေနဲ့ခက်ခဲတဲ့အခြေအနေတွေကို ဖြတ်ကျော်ခဲ့ရတယ်။ ကျွန်မရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် အခက်အခဲဆုံးကာလတွေပါ။ အဓိကကတော့ စွမ်းဆောင်ရည်ပိုင်းက မတည်မငြိမ်ဖြစ်နေခဲ့တာပါ။ ရက်သတ္တပတ်မှာ အကောင်းဆုံးကစားနိုင်ခဲ့ပေမဲ့ နောက်ရက်သတ္တပတ်ကျပြန်တော့ စွမ်းဆောင်ရည်တွေ ကျဆင်းသွားပြန်တယ်။ Driver ရိုက်ချက်တွေကလဲ ရက်သတ္တပတ်မှာ အကောင်းဆုံးရိုက်နိုင်ခဲ့ပြီဆိုရင် နောက်တစ်ပတ်ကျရိုက်ချက်တွေက အဆင်မပြေပြန်တော့ဘူးဖြစ်ခဲ့တယ်။ အတက်အကျတွေက မြန်ဆန်နေတာမျိုးနဲ့ ကြုံနေရတယ်။ BMW Ladies Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ လက်ရှိချန်ပီယံအနေနဲ့ ပါဝင်ယှဉ်ပြိုင်သွားရမှာဖြစ်လို့ စိတ်လှုပ်ရှားနေပါတယ်။ မနှစ်တုန်းကလို အကောင်းဆုံးကစားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : The West**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)တွင် ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိ ရောဝတီယူနိုက်တက်နှင့် Falcon အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၂၅)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာ အားကစားကွင်းတွင် ရောဝတီယူနိုက်တက်အသင်းနှင့် Falconအသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ကျော်မင်းခန့်နှင့်Falcon အသင်းအတွက် သွင်းဂိုးကို ပွဲချိန် မိနစ် ၃၀တွင် ညီညီသန့်ကသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက သီဟဒီပအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၃၀နှင့် ၇၈ မိနစ်တွင် အောင်ဇော်ဦး၊ ပွဲချိန် ၃၄ မိနစ်၊ ၅၃ မိနစ်နှင့် ၆၆ မိနစ်တွင် ကောင်းမြတ်အောင်နှင့် ပွဲချိန် ၄၆ မိနစ်တွင် စောဘီဘေးတို့က သွင်းယူနိုင်ခဲ့ကာ ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ခြောက်မိနစ်တွင် သော်ဇင်နိုင်တို့က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# WBA (Regular) ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ကူဘရက်အား မော့ဆက်နှင့် ထိုးသတ်သွားရန် WBA အဖွဲ့ချုပ် ညွှန်ကြား

**ပနားမား အောက်တိုဘာ ၁၅**

WBA(Regular)ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံဖြစ်သူ ဘူလ်ဂေးရီးယား လက်ဝှေ့သမား ကူဘရက်အား ဗြိတိန်လက်ဝှေ့သမားမော့ဆက်နှင့် ထိုးသတ်သွားရန် WBAအဖွဲ့ချုပ်က ယနေ့တွင် တရားဝင်ညွှန်ကြားခဲ့သည်။

အသက် ၂၀ အရွယ်သာရှိသေးသည့် မော့ဆက်သည် ရှုံးပွဲမရှိသေးသလို WBA International နှင့် WBO Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံတစ်ဦးဖြစ်ပြီး အနာဂတ်တွင် ဟဲဗီးဝိတ်တန်း လောက၏ ပြိုင်ဘက်ကင်း ချန်ပီယံ ဖြစ်လာနိုင်ကြောင်း ထင်ကြေးပေးခံထားရသည့် လူငယ်လက်ဝှေ့သမား တစ်ဦးလည်း ဖြစ်သည်။

၎င်းအနေဖြင့် လက်ရှိပြိုင်ဘက်ကင်းချန်ပီယံဖြစ်သူ အူဆက်ခ်နှင့် ထိုးသတ် သွားလိုသော်လည်း သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိသေးသည့်အတွက် ထိုးသတ်ခွင့်ရမည်မဟုတ်ဘဲ WBA (Regular) ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ခါးပတ်ကို ဆွတ်ခူးနိုင်မှသာ အူဆက်ခ်အား စိန်ခေါ်ခွင့်ရမည်လည်းဖြစ်သည်။

WBA အဖွဲ့ချုပ်က တရားဝင်ညွှန်ကြားလိုက်ပြီဖြစ်သည့်အတွက် မော့ဆက်နှင့် ကူဘရက်တို့အကြား ရက်ပေါင်း ၃၀ အတွင်း ဆွေးနွေးညှိနှိုင်းရတော့မည် ဖြစ်သလို သဘောတူညီချက် စာချုပ်ကိုလည်း ရက်ပေါင်း ၃၀ အတွင်း WBAအဖွဲ့ချုပ်ထံသို့ ပေးပို့သွားရမည်ဖြစ်သည်။

WBA အဖွဲ့ချုပ်က " WBA (Regular)ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ ကူဘရက်ကို မော့ဆက်နဲ့ ထိုးသတ်သွားဖို့အတွက် တရားဝင်ညွှန်ကြားလိုက်ပါတယ်" ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : DAZN**

**Trs : AZL**

# Japan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တွင် နာအိုမီအိုဆာကာက နယ်သာလန် တင်းနစ်မယ်လာမန်ကို အနိုင်ရရှိ

**အိုဆာကာ အောက်တိုဘာ ၁၅**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသည့် Japan Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာက နယ်သာလန်တင်းနစ်မယ်လာမန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နာအိုမီအိုဆာကာက (၇-၆ ၊ ၃-၆ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုမီအိုဆာကာ အနေဖြင့် ယခုနှစ် တင်းနစ်ရာသီအတွင်း အောင်မြင်မှုမရသေးဘဲ ၎င်းအနေဖြင့် မွေးရပ်မြေတွင်ကျင်းပသည့် ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားအား ကိုင်မြှောက်ခွင့်ရနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

နာအိုမီအိုဆာကာ အနေဖြင့် လက်ရှိချန်ပီယံလာမန်အား ပထမပွဲငယ်တွင် tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဒုတိယပွဲငယ်တွင် ပြန်လည်ရှုံးနိမ့်ခဲ့ကာ အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်တွင် နာအိုမီအိုဆာကာက ပြန်လည်အနိုင်ရခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့သည်။

နာအိုမီအိုဆာကာက "လက်ရှိချန်ပီယံနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတဲ့အတွက်တော်တော်လေးကို ခက်ခဲခဲ့ပါတယ်။ ကစားနေစဉ်အတွင်း ဒဏ်ရာလဲရခဲ့တဲ့အတွက် ဖိအားများခဲ့တယ်။ပြိုင်ဘက်ကစားသမားကလဲ ကောင်းတဲ့အတွက် ရေကုန်ရေခန်းကစားခဲ့ရတယ်။ကံကောင်းစွာနဲ့အနိုင်ရခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ ဒဏ်ရာကြောင့် အနားယူလိုက်ရတဲ့အခြေအနေနဲ့ ပတ်သက်ပြီး ပြိုင်ဘက်ကစားသမားကို တောင်းပန်ပါတယ်" ဟု ပြောကြားခဲ့သည်။

နာအိုမီအိုဆာကာသည် ကွာတားဖိုင်နယ်အဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် ခရစ္စတီယန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Japan Times**

**Trs : AZL**

# အနာဂတ်စားနပ်ရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့

မောင်စိန်အိ(နဘဲမြေ)

နှစ်စဉ် အောက်တိုဘာ ၁၆ ရက်သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(The Food and Agriculture Organization-FAO)ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ထိုနေ့ရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများ ကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားကိုနှစ်စဉ် ကျင်းပလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူလုံးဝပပျောက်ရေးအတွက် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ထိုနေ့ကို ကျင်းပခြင်းဖြစ်သည်။ ၂၀၂၅ ခုနှစ်ကမ္ဘာ့စားနပ် ရိက္ခာနေ့ ဆောင်ပုဒ်သည် "အနာဂတ်စားနပ်ရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့" ဖြစ်သည်။

ဆာလောင်မွတ်သိပ်နေသူများကို ကိုယ်ချင်းစာနာနိုင်ရေး၊ လူသားအားလုံးစားနပ်ရိက္ခာလုံခြုံရေးနှင့် အစားအာဟာရပြည့်ဝစွာရရှိရေးတို့အတွက် လိုအပ်ချက်များကို ကမ္ဘာတစ်ဝန်းရှိပြည်သူအားလုံးသိရှိစေရန်ဆိုသောရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုကျင်းပခြင်းဖြစ်သည်။ လူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံစွာရရှိရန်အခြေခံအခွင့်အရေးရှိသည်ဆိုသော သဘောတရားကိုသိရှိနိုင်စေရန်အတွက်လည်း ရည်ရွယ်ကာထိုနေ့ကို ကျင်းပဖြစ်သည်။

**ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူများ**

လက်ရှိအချိန်တွင် ကမ္ဘာ့လူဦးရေ သန်း ၆၇၀ ကျော်သည် အလွန်အမင်းစာလောင်မွတ်သိပ်မှုဒဏ်ခံစားရလျက်ရှိပြီး ကလေးငယ်သန်းပေါင်းများစွာမှာလည်း အာဟာရချို့တဲ့လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ ၇၇၀၀၀၀ ခန့်သည် ဆာလောင်မွတ်သိပ်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။ အထူးသဖြင့် ဆိုမားလီးယား၊ တောင်ဆူဒန်၊ ကင်ညာ၊ အီသီယိုးပီးယားနှင့် ယီမင်နိုင်ငံတို့ရှိ ကလေးငယ်များစွာ အလွန်အမင်းဆာလောင်မှုဒဏ်ခံစားနေကြရသည်။

ထို့ပြင် ကမ္ဘာ့လူဦးရေ သုံးဘီလီယံခန့်သည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးနိုင်ခြင်းမရှိဘဲ အသက်ရှင်နိုင်ရုံသာ စားသောက်နေထိုင်ရလျက်ရှိသည်။ အထူးသဖြင့် နှစ်စဉ် လူဦးရေ သန်း ၆၀၀ ခန့်သည် အစားအသောက်နှင့် ဆက်နွယ်သည့်ရောဂါများ ခံစားနေကြရသည်။ ကလေးငယ်သေဆုံးမှုများ၏ ၅၀ ရာခိုင်နှုန်းခန့် အာဟာရချို့တဲ့မှုနှင့် ဆက်နွယ်လျက်ရှိသည်။

ထို့ကြောင့် စဉ်ဆက်မပြတ်စားနပ်ရိက္ခာလုံခြုံမှုအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိသည်။ အစိုးရများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများ၊ လူမှုအသိုက်အဝန်းများကြား ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် စိုက်ပျိုးရေးကို အခြေခံသောစားနပ်ရိက္ခာစနစ်များကို လူတိုင်း အာဟာရပြည့်ဝသော စားနပ်ရိက္ခာရရှိရန်နှင့် အတူတကွယှဉ်တွဲနေထိုင်နိုင်ရန် ခိုင်မာသေချာစေမည်ဖြစ်သည်။

အမှန်တော့ ကမ္ဘာပေါ်ရှိလူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံမှုရှိသင့်သည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏ ဖျားနာကြသည့်အပြင် သက်တမ်းလည်းတိုကြသည်။ အာဟာရချို့တဲ့မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှုကုန်ကျစရိတ်သည် နှစ်စဉ်မြင့်တက်လျက်ရှိသည်။ ထို့ပြင် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာလုံးဆိုင်ရာ မလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

စင်စစ်အားဖြင့် စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည်အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် စားဝတ်နေရေးသည် သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်လည်းဖြစ်နေသည်။ ထိုအစာအာဟာရသည်လူတစ်ဦးကျန်းမာသန်စွမ်းစွာရှင်သန်နိုင်ရေးအပြင် ဦးနှောက်ဖွံ့ဖြိုးမှုအတွက်ပါ များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် လူတစ်ဦးသည် ကံ၊စိတ်၊ဥတု၊အာဟာရညီမျှနေမှသာလျှင် သက်ရှည်ကျန်းမာနေမည်ဖြစ်သည်။ အာဟာရပြည့်ဝစွာဖြင့် ရှင်သန်ကြီးထွားလာသော လူတစ်ဦးသည်စိတ်ဓာတ်လည်းကြံ့ခိုင်လေ့ရှိသည်။ ပိုလျှံပြီး လေလွင့်မှုများမဖြစ်ရလေအောင် ချင့်ချိန်ချက်ပြုတ်စားသောက်သွားသင့်ပေသည်။

**စားနပ်ရိက္ခာတိုးတက်ထုတ်လုပ်ရေး**

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ စားနပ်ရိက္ခာဖူလုံရေးအတွက် လိုအပ်ချက်များစွာရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံများသာ စားနပ်ရိက္ခာလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက် သီးနှံများအပါအဝင် သီးနှံအမျိုးပေါင်း ၆၁ မျိုး၊ စုစုပေါင်းသီးနှံစိုက်ဧရိယာ ဧက ၄၉ ဒသမ ၃၉ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး

> ❖ စင်စစ်အားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အနေဖြင့် တာဝန်ယူထားသည့် ကာလအတွင်းမှာပင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြင့်မားတိုးတက်လာအောင် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြင့်တင်ရေး၊ စိုက်ကေတိုးချဲ့ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်စားရေရိက္ခာဖူလုံသည့်အပြင် ပြည်ပသို့ပင်တင်ပို့နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်သည်။ ❖

**အသက်ရှင်ရပ်တည်နိုင်ရေး**

လက်ရှိအချိန်တွင် ဆင်းရဲသောနိုင်ငံများမှ ပြည်သူများသည် နေ့စဉ်အစာအာဟာရကို မူလနေရင်းနိုင်ငံတွင် ဖူလုံစွာမရရှိနိုင်သောကြောင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်နေကြရသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခြေအနေကောင်းများ ဖန်တီးပေးရန် လိုအပ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်သဖြင့် ရွှေ့ပြောင်းသွားလာမှုကို လျှော့ချနိုင်သည်။ ထို့ပြင် စားနပ်ရိက္ခာလုံခြုံမှုအတွက်လည်း များစွာအထောက်အကူဖြစ်စေသည်။ လူသားအားလုံးသည် ကျန်းမာချမ်းသာစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက် ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အစားအာဟာရရရှိနေခြင်းကို စားနပ်ရိက္ခာလုံခြုံမှုရှိသည်ဟုဆိုသည်။

**မြို့ပြခြွေတာသင့်**

လတ်တလောအချိန်တွင် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များ၊ အရှေ့အလယ်ပိုင်းနှင့် ယူကရိန်းအရေးတို့ကြောင့် လောင်စာဆီဈေးနှုန်းများ၊ ဓာတ်မြေဩဇာဈေးနှုန်းများ အဆမတန်မြင့်တက်လျက်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်ကုန်ထုတ်လုပ်မှုများကို ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်းမရှိကြပေ။ အထူးသဖြင့် အစားအစာဈေးနှုန်းများသည် ၁၀ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်မြို့ခြွေတာရေးမှု ကျင့်သုံးသွားသင့်ပေသည်။ ဓနအင်အားကြွယ်ဝသော ပြည်သူများအနေဖြင့် ကမ္ဘာတစ်ဝန်းစားနပ်ရိက္ခာဖူလုံရေး အထူးသဖြင့် စာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသည့်ပြည်သူများအတွက် အစားအစာများကိုလိုအပ်သလောက်သာ ချက်ပြုတ်စားသောက်သွားသင့်ပေသည်။ ပိုလျှံပြီး လေလွင့်မှုများမဖြစ်ရလေအောင် ချင့်ချိန်ချက်ပြုတ်စားသောက်သွားသင့်ပေသည်။

ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်း စသည့်နှစ်ရှည်ပင်များ စိုက်ပျိုးမှုများလည်းရှိသည်။

မြန်မာနိုင်ငံ၏ သီးထပ်စွမ်းအားသည် ၁၅၀ ရာခိုင်နှုန်းကျော်မျှသာရှိရာ သီးထပ်စွမ်းအားတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်လျက်ရှိနေသေးသည်။ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိရာတွင် ခြောက်သန်းကျော်သာ သီးထပ်စိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်းမရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ရေသယံဇာတလုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်မှုမရှိခြင်းတို့က စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရာတွင် အားနည်းချက်များကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် စိုက်ပျိုးရေရရှိရေးကြိုးပမ်းဆောင်ရွက်ပြီး စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချခြင်းအားဖြင့် စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ခြင်းဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကိန်းဂဏန်းအချက်အလက်များအရ အထွက်နှုန်းကောင်းပြီး အောင်မြင်မှုရရှိနေသည့်သဘောမျိုး မဟုတ်ဘဲ လက်တွေ့မြေပြင်၌လည်း အမှန်တကယ်အောင်မြင်မှုရရှိရန်လိုအပ်သည်။ ထို့ကြောင့် မြေပြင်အချက်အလက်များနှင့် ကိန်းဂဏန်းအချက်အလက်များ တူညီမှုရှိစေရေးဆောင်ရွက်ရန်လည်းလိုအပ်သည်။ ထို့ပြင် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝတွင် အရေးကြီးသည့် စားရေး၊ ဝတ်ရေး၊ နေရေး စသည့်အရေးသုံးပါး၌ စားရေးသည် ပြည်သူများအတွက် နေ့စဉ်နှင့်အမျှမဖြစ်မနေလိုအပ်သည့် အရေးကြီးကုန်ပစ္စည်းဖြစ်၍ စားရေးတွင်လုံလောက်ဖူလုံပြီးသက်သာချောင်ချိမှုရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

**အနာဂတ်စားနပ်ရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့**

အမှန်တော့ လူသားတိုင်းသည်ဆာလောင်မွတ်သိပ်မှုကင်းဝေးပြီး လုံလောက်သောစားနပ်ရိက္ခာဖူလုံမှုရရှိရန် အခြေခံအခွင့်အရေးများရှိကြသည်။ လူသားအားလုံးသည် အစားအသောက်ဝယ်ယူနိုင်သည့် လုံလောက်သောဝင်ငွေရရှိနေမှသာလျှင် စားနပ်ရိက္ခာဖူလုံသည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင်စားနပ်ရိက္ခာဖူလုံရေးရည်ရွယ်လျက် ကမ္ဘာ့ခေါင်းဆောင်များသည် အလွန်အမင်းဆင်းရဲမှုနှင့်ဆာလောင်မွတ်သိပ်မှုပပျောက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်ကတည်းက ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ဆိုရလျှင် စားနပ်ရိက္ခာဖူလုံစွာရရှိရေးသည် အခြေခံအကျဆုံးသော လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။ ရွှေ့ပြောင်းသွားလာမှုများ၊ ပဋိပက္ခများ၊ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များ၊ နည်းစနစ်လွဲမှားသောစိုက်ပျိုးရေးအလေ့အထများ၊ စိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းအဆမတန်မြင့်တက်လာမှုများ၊ လူဦးရေအဆမတန်တိုးပွားလာမှုနှင့်ဆင်းရဲမွဲတေမှုများသည် စားနပ်ရိက္ခာဖူလုံစွာမရရှိသောအကြောင်းတရားများပင်ဖြစ်သည်။

စားနပ်ရိက္ခာဖူလုံခြင်းသည် လူသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် ကောင်းကျိုးများကိုသာ အဘက်ဘက်မှဖြစ်ပေါ်လာစေသည်။ ထို့ကြောင့် စားနပ်ရိက္ခာလုံခြုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာနှင့်နည်းဗျူဟာများချမှတ်ကာ အလေးထားဆောင်ရွက်သွားရန်လိုအပ်နေပြီဖြစ်သည်။ ပြည်တွင်းပဋိပက္ခများ၊ ဖျက်စွမ်းအားပြင်း စစ်လက်နက်များထုတ်လုပ်စမ်းသပ်ရာတွင်အသုံးပြုနေသော ငွေကြေးများကို အာဟာရချို့တဲ့နေသော ကလေးငယ်များနှင့်အမျိုးသမီးများအတွက်သာ အကျိုးရှိစွာအသုံးပြုသွားမည်ဆိုလျှင် ဆာလောင်မွတ်သိပ်မှုဒဏ်ခံစားနေရသူဦးရေသည်အတိုင်းအတာတစ်ခုအထိ လျော့ကျလာမည်မှာအမှန်ပင်ဖြစ်သည်။

စင်စစ်အားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် တာဝန်ယူထားသည့် ကာလအတွင်းမှာပင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြင့်မားတိုးတက်လာအောင် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ ဆိုရလျှင် မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်၍ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ကေတိုးချဲ့ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် တိုင်းပြည်စားရေရိက္ခာဖူလုံသည့်အပြင် ပြည်ပသို့ ပင်တင်ပို့နိုင်ရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သည်။ အထူးသဖြင့် ကမ္ဘာတစ်ဝန်းတွင် မြို့ခြွေတာရေးမူဝါဒကျင့်သုံးပြီး လူတိုင်းအာဟာရပြည့်ဝဖို့ စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်သွားရန်နှင့် "အနာဂတ်စားနပ်ရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"ဟု အကြံပြုတိုက်တွန်းရေးသားအပ်ပါသည်။


**ကိုးကား**

(၁) နေ့စဉ်ထုတ်သတင်းစာများ။
(၂) https://www.savethechildren.org/us/charity-stories/world-food-day
(၃) https://www.concern.net/news/world-hunger-facts-figures

# အရွတ်ကလေးလည်းကောင်းပါတယ်

**မင်းယဉ်စု**

ကျွန်တော်တို့အိမ်က RC နှစ်ထပ်တိုက်။ အပေါ်ထပ်မှာ ဘုရားခန်းထားတယ်။ မနက်၊ နေ့လယ်၊ ညဘုရားစင်ရှေ့မှာ လူမပြတ်ဘူး။ အိမ်မှာက အသက်ရာကျော်ကြီးတော်ကြီးနဲ့ ကျွန်တော်တို့မိသားစုနေကြတယ်။ ကြုံရင်ကြုံသလို၊ အားရင်အားသလို ဘုရားရှိခိုးလေ့၊ ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိကြတယ်။ ဘုရားရှိခိုးပြီးတာနဲ့ ကြေးစည်တွေထု၊ မောင်းတွေထုလေ့ရှိကြတော့ ကျွန်တော်တို့အိမ်ဟာ လမ်းထဲမှာ ကြေးစည်သံ တဝေဝေ၊ မောင်းသံတဒူဒူတွေနဲ့ ထံတျာတေရှင် အမျှင်မပြတ်ဘူး။

အိမ်ကလူတွေ ဘုရားရှိခိုးရင် တစ်နာရီလောက်တော့ အနည်းဆုံးကြာတတ်တယ်။ အိမ်သူအိမ်သားတွေက ရွတ်တာဖတ်တာ ဝါသနာထုံကြတယ်လေ။ အားလုံးလိုလိုက ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်၊ ပရိတ်ကြီး ၁၁ သုတ်၊ ခါရဏပရိတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသနဲ့ နိဒ္ဒေသတွေကို အလွတ်ရကြတော့ ရွတ်ဖတ်သရဇ္ဈာယ်ကြတာ အကျင့်ဖြစ်နေကြပြီလေ။

သူများတော့ မပြောတတ်။ အသက် ၈၀ နားကပ်လာတဲ့ ကျွန်တော်ကတော့ တစ်ခါတလေ ရွတ်ဖတ်နေရင်းနဲ့ မောမောလာတယ်။ ရုံးမှာတုန်းကတော့ ဆရာတစ်ယောက်က ပြောဖူးတယ်။ "ကိုယ့်အသံနဲ့ ကိုယ်ရွတ်ထားတာကို အသံဖမ်းပြီး Recording လုပ်ထားပါလား"တဲ့။ အဲဒီလိုကြီးတော့ မလုပ်ချင်ပါဘူး။ ဒါကြောင့် မောချင်လဲ မောပေရော့ ရွတ်နေတာတော့ မပျက်စေရပါဘူး။

ရွတ်ပြီးတော့ မောင်းထုရတာကလဲ နိစ္စဓူဝ အမြဲမပြတ်ပါပဲ။ အမယ် . . . မောင်းထုတာကလဲ သူ့ရာဇဝင်နဲ့သူခင်ဗျ။

ဝန်ထမ်းဘဝ ရုံးမှာလုပ်နေတုန်းကပေါ့။ ပဲခူး၊ ဘုရားကြီးဘက်သွားလည်ရင်း အဲဒီက ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ ဦးပဇ္ဇင်းသံဃာတော်တစ်ပါးက သူ့အတွက် မောင်းတစ်လုံးဝယ်လှူပေးဖို့ တောင်းဆိုလာတယ်။ ဒါနဲ့ ရွှေတိဂုံဘုရားချက်ချင်းသွားပြီး မောင်းတစ်လုံးဝယ်လှူဖြစ်တယ်။

ထူးခြားတာက အဲဒီဦးပဇ္ဇင်းဆီ မောင်းလှူပေးပြီး သိပ်မကြာခင် တစ်ရက်မှာ ရုံးကတာဝန်ရှိပုဂ္ဂိုလ်ကြီးတစ်ယောက်က ကျွန်တော့်ကိုခေါ်ပြီး တာဝန်တစ်ခုပေးတယ်။ သူ့ဌာနမှာ အပတ်စဉ် ဂျာနယ်တစ်စောင်ထုတ်ချင်လို့ အဖွင့်ကဗျာတစ်ပုဒ် ရေးပေးပါတဲ့။ ကျွန်တော်ကဗျာစပ်တတ်တာ၊ ကဗျာနဲ့ပတ်သက်ပြီး ဆုတွေဘာတွေရဖူးတာ သူကသိထားနှင့်တယ်ထင်လိုက်ပါတယ်။ "မကျေနပ်ရင် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်ကိုသွားပြော . . . သူလုပ်တာ"လို့။ ရေးဆိုလို့ ရေးပေးလိုက်တာ။ ဒါပါပဲ။ နောက်တစ်ပုဒ်ပြောင်းတာ မပြောင်းတာ ကျွန်တော့်အလုပ်မဟုတ်။ ကျွန်တော့်အလုပ်က အဲဒီကဗျာအတွက် တစ်ပတ်တစ်ခါ "စာမူခ"ကို မှန်မှန်သွားထုတ်ရုံပဲပေါ့။ မဟုတ်ဘူးလား။

**❖ "သောက်လေ သောက်လေ . . . ၊ ငတ်မပြေသည်၊ ရေငန်ဆားကျင်း၊ နွားတစ်သင်းသို့" . . . ဆိုတာလို ဒီသား ဒီသမီး၊ ဒီဇနီး၊ ဒီအိမ်ထောင်နဲ့ ဒီစည်းစိမ်တွေကြားထဲမှာပဲ ဖက်တွယ်ပြီး ရေသာခိုနေမယ်ဆိုရင်တော့၊ အင်း . . . သေခါနီးမှာ အနားက ကြေးစည်ကို နာနာထုပေးနေပေမဲ့ နားငြီးရုံသာပဲ ရှိမယ်ဆိုတာလို ဖြစ်နေတော့မှာပေါ့နော်။❖**

ပါရဲ့။ ဒါနဲ့ နှစ်ရက်လောက်ပဲ အချိန်ယူပြီး အဖွင့်ကဗျာတစ်ပုဒ်ကို ချက်ချင်းပဲ စပ်ပေးလိုက်ပါတယ်။

အဲဒီမှာ တစ်ခုထူးခြားတာက ပထမတော့ ကျွန်တော်ကိုယ်တိုင်ကလဲ "ဩော် . . . ဒီတစ်ပုဒ်ပြီးရင် နောက်လူတွေရေးတဲ့ နောက်ကဗျာတွေ လာမှာပေါ့"လို့ ဒီလိုပဲထင်ခဲ့တာ။ မဟုတ်ဘူးဗျာ ဂျာနယ်သက်တမ်းတစ်လျှောက်လုံးမှာ အဖွင့်ကဗျာအနေနဲ့ ကျွန်တော့်ရဲ့ အဲဒီကဗျာကိုပဲ အစဉ်တစိုက် ဆက်ဆက်ပြီးသုံးသွားတယ်။ တချို့ မနာလိုတိုရှည်ဖြစ်သူတွေက အမနာပ ပြောသံဆိုသံ ကျွန်တော့်နားထဲ ပြန်ကြားခဲ့ဖူးပါတယ်။ "ကဗျာက ဒီတစ်ပုဒ်ပဲလား၊ နောက်ကဗျာတွေကို နေရာမပေးတော့ဘူးလား" . . . ဘာလား ညာလားနဲ့ပေါ့။

အဲဒီလူတွေကို ကျွန်တော်က တစ်ခွန်းပဲ ပြန်ပြောလိုက်ပါတယ်။ (see above)

အဲဒီလို ဂျာနယ်တစ်စောင်မှာ အဖွင့်ကဗျာတစ်ပုဒ်တည်းကိုပဲ ဂျာနယ်သက်တမ်းတစ်လျှောက်လုံး သုံးဖြစ်တဲ့ကိစ္စဟာ ကျွန်တော့်အတွက်တော့ ဘုရားသားတော် သံဃာတော်တစ်ပါးကို "မောင်း" လှူခဲ့တဲ့ အကျိုးသက်ရောက်မှုလို့ ကျွန်တော်ကတော့ အပ်ကျမပ်ကျ ထင်တာပါပဲ။

နောက်ပြီးတော့ အသက် ၈၀ နားကပ်လာပြီဖြစ်တဲ့ ကျွန်တော့်အတွက်တော့ ဘုရားရှိခိုးပြီး ရသမျှကလေးတွေကို ရွတ်ဖတ်သရဇ္ဈာယ်နေရတာ "အာစိဏ္ဏကံ" ကုသိုလ်တစ်ခုရတာပါပဲ။ "အာစိဏ္ဏကံ" ဆိုတာ "အလေ့အကျင့်များခဲ့တဲ့ကံ"လို့ပဲ လွယ်လွယ်ဆိုကြပါစို့။

တစ်ရက်မှာ ၂၄ နာရီရှိတဲ့အထဲက တစ်နာရီလောက် ဘုရားစင်ရှေ့ထိုင်ရှိခိုးပြီး ရွတ်ဖတ်သရဇ္ဈာယ်ရတာ ဘယ်လောက်များ ခက်ခဲပင်ပန်းနေမှာမို့လို့လဲ။ ကျွန်တော်ကတော့လေ စိတ်အေးအေးချမ်းချမ်းနဲ့ ဘာအပူအပင်မှမရှိဘဲ ဘုရားစင်ရှေ့မှာ ရှိခိုးခွင့်ရနေတဲ့ ကျွန်တော့်ဘဝကို ကျွန်တော်ကျေနပ်နေမိတာပါပဲ။ သဒ္ဓါနှစ်သိမ့် ကိုယ်လုံးစိမ့်အောင် ခံစားရတဲ့ပီတိအရသာဟာ ဘာနဲ့မှမတူပါဘူးဗျာ။

ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဒတဲ့။ သံသရာက လွတ်မြောက်ဖို့ လမ်းတွေရှိတယ်။ နိဗ္ဗာန်ရောက်အောင်၊ မဂ်ဖိုလ်ရအောင် ဝိပဿနာတရားပွားများလေ့ကျင့်ခြင်းဆိုတဲ့ အသားကောင်းနဲ့တူတဲ့ အလုပ်မျိုး မလုပ်နိုင်ရင်တောင်မှ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်တော်လာ ပရိတ်တော်တွေ၊ ပဋ္ဌာန်းတွေကို ရွတ်ဖတ် ပူဇော်နေရတာဟာ နည်းတဲ့ "ကံ" လားခင်ဗျာ။

"မကျင့်ဘဲနဲ့ မရ၊ မဆင်ဘဲနဲ့ မလှ". . . တဲ့။ ကိုယ်လျှောက်တဲ့ခြေလှမ်း ကိုယ့်အတွက်လမ်းဖြစ်ရအောင်တော့ ကြိုးစားသင့်ကြတာပေါ့နော်။

"သောက်လေ သောက်လေ . . . ၊ ငတ်မပြေသည်၊ ရေငန်ဆားကျင်း၊ နွားတစ်သင်းသို့" . . . ဆိုတာလို ဒီသား ဒီသမီး၊ ဒီဇနီး၊ ဒီအိမ်ထောင်နဲ့ ဒီစည်းစိမ်တွေကြားထဲမှာပဲ ဖက်တွယ်ပြီး ရေသာခိုနေမယ်ဆိုရင်တော့၊ အင်း . . . သေခါနီးမှာ အနားက ကြေးစည်ကို နာနာထုပေးနေပေမဲ့ နားငြီးရုံသာပဲ ရှိမယ်ဆိုတာလို ဖြစ်နေတော့မှာပေါ့နော်။

အနီးမွေးမှ အဝေးကြိုင်ပါသတဲ့။

ဒါကြောင့် "အာစိဏ္ဏကံ ကုသိုလ်"ကို များများရအောင် အသားပဲဖြစ်ဖြစ်၊ အရွတ်ပဲဖြစ်ဖြစ် စွမ်းနိုင်သလောက် လုပ်ကြစေချင်ပါတယ်။ အဲဒီလို လုပ်တဲ့အခါ အချိန်တွေ အလဟဿ အချည်းနှီးမဖြစ်အောင် "မေတ္တာ"ကိုရှေ့ထား၊ "စေတနာ"ကို အရင်းခံ၊ "ဝီရိယ"ကို အဖော်ပြုပြီး "ပညာ"ကို ဦးစီးစေမယ်ဆိုရင်တော့ နေလာနှင်းပျောက်၊ အကုသိုလ်နေရာ ကုသိုလ်ရောက်သွားမယ်လို့ ရဲရဲကြီး အာမခံပြီး ဆိုလိုက်ပါရစေလားခင်ဗျာ။






# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Chairman of National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses 10th Anniversary of the Nationwide Ceasefire Agreement (NCA)



Senior General Min Aung Hlaing addresses the 10th Anniversary of the Nationwide Ceasefire Agreement (NCA).

**Nay Pyi Taw October 15**

The 10th Anniversary of the Nationwide Ceasefire Agreement (NCA) took place at Myanmar International Convention Centre 1 in Nay Pyi Taw this morning, addressed by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Chairman of National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC member Executive Chief U Aung Lin Dway, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union level officials and union ministers, the Nay Pyi Taw Council chair, region/state chief ministers, senior military officers from the Office of the Commander-in-Chief (Army), the Nay Pyi Taw Command commander, deputy ministers, advisers of the Acting President, chairs and representatives of political parties, leaders and representatives of EAOs, local and foreign witnesses of the NCA signing ceremony, officials of Union Peacemaking Central Committee (UPCC), NSPNC, and Union Peacemaking Working Committee (UPWC) that took part in the NCA negotiations, members of Union Peace Dialogue Joint Committee (UPDJC), officials of Joint Ceasefire Monitoring Committee, special representatives of neighboring countries, foreign diplomats, ethnic representatives, representatives of EAOs, political parties, international organizations, invited guests, ethnic cultural troupes.



Senior General Min Aung Hlaing presents a commemorative gift.



Senior General Min Aung Hlaing presents a commemorative gift.

SSPC Vice Chairman Vice-Senior General Soe Win, SSPC member Union Minister National Solidarity and Peacemaking Committee Chairman Lt-Gen Yar Pyae, ethnic leaders, Saw Mutu Sae Poe, U Zo Zam and Sai Tun Kyi, together with national races, formally opened the NCA 10th Anniversary.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Chairman of National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services Senior General Min Aung Hlaing then unveiled the signboard of the NCA 10th Anniversary.

The Senior General and attendees wrote their views on the peace process and hung the letters on the peace tree.

The Senior General and attendees looked around the NCA 10th Anniversary commemorative booths at the Lobby of MICC-1 with keen interest.

The second section of the ceremony was opened with LED animation at the Jade Hall of MICC-I. The Flag of the Republic of the Union of Myanmar was collectively saluted.

A dance team of the Fine Arts Department of the Ministry of Religious Affairs and Culture

*See Page 13*


Senior General Min Aung Hlaing visits a commemorative booth.

*From Page 12*

staged a performance to the accompaniment of the song “towards a modern and new nation” in honor of the NCA 10th Anniversary. A video clip “From NCA, a future will be shaped with sustainable peace” on the birth of NCA, peace and development was shown.

Afterward, Senior General Min Aung Hlaing delivered the NCA 10th Anniversary address. (The address is featured separately).

In his supplemental address, the Senior General said the country regained independence over 77 years ago, and the 80th anniversary will fall in 2028, but the country has not fully enjoyed the essence of independence till now. Since the country regained independence, national people have been facing various kinds of miseries due to multiple causes. The country’s situation can be compared with the stable and developing ones including neighbors. Myanmar lacked behind in development if compared with the ones with similar population, area, and economy, resulting from alien impacts. The worst is that our citizens are weak in intellectual, technological and academic knowledge according to the census. The census findings must be taken as a serious lesson that is reminding the government to enhance the education level of citizens.

He stated that the country has experienced various eras and systems since achieving independence, noting that, as he mentioned at the previous peace conference, they have gone through both "the elder's phase" and "the younger's phase." He recalled that during the 1988 democracy movement, the people demanded a path toward multi-party democracy. In alignment with the people's wishes, Tatmadaw facilitated the transition to the desired multi-party democracy path in 2011. He added that they have simultaneously worked to build a Union based on democracy and a federal system that is more complete than a mere multi-party democracy, noting that Tatmadaw took the lead in this effort. While acknowledging that the Constitution was drafted under the circumstances of that time and therefore needs amendments now, he stated that since their government took charge in 2021, they have repeatedly met with ethnic armed organizations, political parties, and other relevant individuals—either personally or through representatives—to discuss amending the Constitution and have granted certain agreements in that regard. He stated that his desire is for the country to be peaceful and prosperous, emphasizing the need to analyze what has been left behind. He asserted that while they are implementing what is feasible, ethnic groups and relevant individuals must also only discuss and pursue what is possible, as attempting to implement the impossible will not work. He concluded by stressing that everyone must act with the correct objective.

He further stated that Hluttaw, as the political stage, is the best place for ethnic groups to present their demands. Consequently, when considering this issue, he worked towards adopting a Proportional Representation (PR) system, which necessitated changing the election form for the upcoming election. He stressed that this change was implemented with the agreement of all political parties. He announced that the election will be held in December, and currently, 57 political parties are registered to contest: 6 parties will compete nationwide, and 51 will compete in regions and states. With over 5,000 registered candidates, he expressed his belief that this will be a strong election. He recalled that past experience from the three previous elections showed that casting ballots on paper and using advance votes resulted in voter fraud and errors. Therefore, arrangements have been made to allow voting using Myanmar Electronic Voting Machines (MEVMs), which prevent fraud. He expressed confidence that this approach will lead to a free and fair election. The election will be conducted in three stages: 102 townships in the first round, 100 townships in the second, and the remaining townships in the third. He acknowledged that it will not be possible to hold the election in 100% of all areas due to various reasons, just as a full turnout was not achieved in the previous three elections. The intention is for the next government to hold by-elections in the remaining townships later.

He stated that it is essential for the nation to stand firmly on the path of democracy chosen by the people, and the Tatmadaw is firmly committed to this. He emphasized that when building the state, one must consider the nation's history and its geopolitical importance. He noted that as the country is situated between two global powers with different political systems—China and India—it is crucial for the nation to maintain a correct and proper stance. He stated that the nation's foreign policy is one of non-alignment and continuous friendly relations between nations, and that this policy must be seriously considered when building a democratic and federal state. In undertaking this construction, he stressed that it is crucial to prioritize education to address the existing weakness of low levels of knowledge, technical skills, and academic education. Therefore, as a first step, arrangements must be made to ensure compulsory education up to KG + 9. He mentioned that arrangements have been made for students in the recently re-controlled Kyaukme area to resume their education as quickly as possible. He stressed the need to prevent children's education from being lost or delayed, emphasizing that this must be done with empathy, as if for one's own children and by parents for their own. Therefore, he stated that he is working to ensure that children across the country do not fall behind in their education. Similarly, efforts are underway to quickly rebuild, repair, and reopen universities, colleges, and basic education schools that were temporarily closed due to damage from terrorist attacks. He added that preparations are being made to open another university soon, reiterating that the nation cannot afford to fall behind in education.

He urged the people, local leaders, and town elders to control and manage the situation as much as possible to ensure an orderly election, which will then facilitate the formation of a new government and enable the country to proceed correctly on the democratic path.

In our view, strengthening genuine and disciplined democracy and building a union based on democracy and federal system is the will of the people. Efforts to restore peace are belated. During the term of the government, some organizations said they could not hold dialogues because the Tatmadaw assumed State responsibilities. I myself signed the NCA on behalf of the Tatmadaw. I will never break the promise I have made. If we could hold dialogue earlier, we would be able to implement the agreement earlier. We managed to reach agreements to amend laws within available time. Therefore, stakeholders are urged to exert efforts with a genuine view to serving the interests of the union, ethnic peoples and the country. Stakeholders are urged not to endanger the country but to cooperate for benefits of the country. We are always ready to work for the benefits of the country.

Then, signatories of the NCA Kayin ethnic leader Saw Mutu Sae Poe, representative of international witnesses to the NCA Special Envoy for Asia Affairs of the Ministry of Foreign Affairs of the People's Republic of China H.E. Mr. Deng Xijun, Indian Ambassador to Myanmar H.E. Shri Abhay Thakur, Acting Secretary-General of Asian Peace and Reconciliation Council (APRC) of Thailand former Thai Ambassador to Myanmar H.E. Mr. Plsanu Suvanajata and NCA signatory U Aung Min delivered congratulatory remarks commemorating the 10th Anniversary of the NCA.

Then, the Senior General presented commemorative gifts to specially invited dignitaries from China, India and ASEAN region, Kayin ethnic leader Saw Mutu Sae Poe and NCA signatory U Aung Min.

Afterward, the Senior General posed for documentary photographs with attendees.

Then, ethnic artist staff from Myanmar Radio and Television of the Ministry of Information entertained the guests with "Peace Flower Garden" song depicting the national unity while ethnic cultural representatives performed traditional ethnic dances and ethnic cultural representative and artist staff from the MRTV entertained the guests with "Loyalty Spoken by Blood" song.

Afterward, the Senior General presented a flower basket honouring peace and cash award Ks- 100 million for entertainment troupes of the MRTV of the Ministry of Information, Fine Arts Department of the Ministry of Religious Affairs and Culture and ethnic dance troupes and posed for documentary photographs with them.

After the ceremony the Senior General hosted an honorary luncheon to attendees to the 10th Anniversary of the NCA. 100

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Opening Speech by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Chairman of National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services, Senior General Min Aung Hlaing at the 10th Anniversary Celebration of the Nationwide Ceasefire Agreement (NCA)

## (15th October 2025)

**Esteemed national brethren of the Union,**

Today marks the 10th anniversary of the signing of the auspicious occasion of the Nationwide Ceasefire Agreement (NCA) between the Government of the Republic of the Union of Myanmar and Ethnic Armed Organizations (EAOs). On this significant occasion, I wish to extend my warm greetings and good wishes to the leaders of the Ethnic Armed Organizations (EAOs) who participated in the signing of the NCA, those who contributed to the peace process, local and international witnesses and all national brethren residing in the Union for your good health and personal well-being as well as further success in your endeavours in peace for the interests of the country.

The fundamental requirement of our country today is peace and stability. With peace and stability, people will be able to pursue their livelihood. They will be able to build a secure, stable and prosperous socio-economic life. Therefore, we must continue our earnest efforts persistently to achieve peace and stability, fundamental prerequisites for development of the country and people.

**Esteemed national brethren of the Union,**

Successive Governments have strived, through various means to end the path of armed struggle that emerged after the independence. At the present time, we are also continuing our earnest efforts to achieve peace. It is imperative that, until now, there are destructive elements at home and abroad, that are trying to undermine the unity of our national brethren, in all possible ways, we must remain vigilant to it. While bearing in mind that "If the cattle are scattered, the tiger seizes them.", we should not nurture the attitude of "Paddling my boat to Bago or anyplace I choose."

It is necessary to adhere to the saying "the strength of the Union lies within the country", carries a significant meaning and remains an eternal truth.

**Esteemed national brethren of the Union,**

In every peace-related dialogue, I placed special emphasis on the NCA due to the fact that the NCA agreement is a fundamental foundation for peace process, the utmost importance for our country's peace process. The purpose of signing the NCA is to achieve sustainable peace, to promote ethnic rights and democracy through nationwide ceasefires.

The initiative of the NCA started with the announcement No. (1/2011) dated 18 August 2011 by the President of the first democratically elected government, extending an invitation to all ethnic armed groups to engage in peace dialogue. Union Peace Central Committee (UPCC) composed of 11 members chaired by the President, Union Peacemaking Working Committee (UPWC) composed of 52 members chaired by the Vice-President and Myanmar Peace Centre (MPC) were established to hold peace dialogue effectively.



Senior General Min Aung Hlaing delivers an opening speech at the 10th Anniversary Celebration of the Nationwide Ceasefire Agreement (NCA).

Subsequently, Nationwide Ceasefire Coordination Team (NCCT) with 13 members was formed at the Convention of ethnic armed organization in Laiza, Kachin State on 2 November 2013. Representatives from UPWC and NCCT met seven times to draft the NCA and agreed provisionally seven articles and 33 sections of the Agreement from 9 March 2014 to 31 March 2015. Senior Delegation (SD) with 15 members was formed during Lawkhila conference from 2 to 9 June 2015.

After endorsing the draft NCA, UPWC representatives and Senior Delegates from EAOs met eight times in July 2015 at Myanmar Peace Centre. At the meeting, the draft agreement discussed between the representatives of UPWC and NCCT at the Lawkhila conference was finalized.

Following several talks, a delegation led by the President and eight EAOs was able to sign the NCA on a grand scale in the presence of the international witnesses on 15 October 2015. At the signing ceremony, Government of the Republic of the Union of Myanmar, Tatmadaw, EAOs, and the international witnesses such as the UN, EU, China, India, Thailand, and Japan, signed the NCA.

Subsequently, two additional EAOs signed the NCA on 13 February 2018, resulting in the total number of signatories to ten. The NCA was the outcome of the several discussions among the Government of the Union of Myanmar, Tatmadaw, EAOs for 18 months. The NCA was then adopted at the Pyidaungsu Hluttaw on 8 December 2015. It is a remarkable peace agreement in Myanmar history. NCA is guaranteed commitment between the Government and the EAOs.

In line with the union spirits based on freedom, equality, and justice, while upholding our three main national causes, the essence of the NCA is to build a union based on democracy and federalism, which ensures democracy, equity, and self-determination in accordance with the outcomes of political dialogue. It is necessary that all the EAOs understand the essence of the NCA and participate in the process in the interest of the State.

**Esteemed national brethren of the Union,**

The Constitution is the cardinal vein of a country. Since the drafting of our country's Constitution (2008), State Peace and Development Council convened a national convention in 1993 with the participation of eight groups who were well-versed in politics, security, administration, and economics as well as social and legal affairs: representing political parties, elected representatives, ethnic groups, peasants, workers, intellectuals and technocrats, civil servants, and other invited individuals. The Constitution was also outlined in accordance with the 104 basic principles to implement a genuine and disciplined multi-party democratic system in the country. It was adopted by a nationwide referendum held on 29 May 2008. It is a law that was adopted after detailed discussions and consultations on separation of legislative, executive, and judicial powers between the Union and the Regions and States as well as the provision of the state structure, the head of state, citizens, fundamental rights and duties of the citizens, elections, political parties, and general provisions, with (15) chapters and (457) articles. As the Constitution was drafted with the explicit purpose of building a democratic and federal union and division of power, its provisions fully constitute the concept of both federalism and democracy.

**Esteemed national brethren of the Union,**

Ever since our government assumed State responsibilities due to the circumstances of the 2020 election, we attached great importance to achieving peace. Therefore, "Priority will be given to achieving peace as the essence of the State and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement(NCA) to the extent possible" is included in the five-point roadmaps of the State Administration Council. Moreover, "to emphasize the achievement of enduring peace for the entire nation in line with the Nationwide Ceasefire Agreement (NCA)" is included in the nine objectives as a political objective.

It is not a proper way to solve differences and political issues through arms. It could distance us from the political goal and lead to more conflicts. Therefore, we implemented a peace process by opening door for peace and establishing the National Solidarity and Peacemaking Central Committee, a Working Committee, and a Negotiation Committee to implement a new political culture, such as a peace process and political dialogue, instead of armed conflicts.

National Solidarity and Peacemaking Negotiation Committee (NSPNC) discussed many times with 7 Ethnic Armed Organizations which signed the NCA as well as with 3 Ethnic Armed Organizations which have not signed the NCA and political parties. During the discussions, 43 agreements were made to amend the constitution (2008), which included strengthening the multi-party democratic system, building a Union based on a democratic and federal system, which is the ultimate goal of the entire people and working together for peace and development of the Union.

*See Page 15*

*From Page 14*

These agreements will be submitted to the newly formed Pyidaungsu Hluttaw in order to proceed with the constitution amendments procedure. Similarly, representatives signed: part (1) 37 points agreed in 2017 Union Peace conference(second meeting), part (2) 14 points agreed in the Union Accord, part (3)21 points agreed at Union Accord in 2020 and subsequently ratified by Pyidaungsu Hluttaw. We will continue to implement them.

Such dialogues are a practice of democracy. Moreover, through dialogues, we can conclude agreements and build mutual trust. Furthermore, it is necessary for the government and the EAOs to continuously engage in genuine and meaningful dialogue in order to achieve sustainable peace and build a Union based on democracy and federalism.

**Esteemed national brethren of the Union,**

Since assuming the State responsibilities, we laid down two national visions which are "prosperity of the nation and food security" and two political visions which are "strengthening a disciplined, genuine multi-party democratic system and building a Union based on democratic and federal system". Since our country is a Union comprising diverse ethnic groups, only with the unity of all ethnic groups, we could build a nation that guarantees prosperity of all national races.

There have been losses of lives and damage resulted from the armed conflicts, mostly in underdeveloped regions and states. These regions are underdeveloped before and after independence due to various reasons, the armed conflicts have exacerbated their situation like a saying "adding insult to injury". Observing the countries around the world, we can see that even remote areas achieve development when peace and stability are maintained. Myanmar is not only rich in natural resources but also possesses soil and water conditions, which are suitable for agricultural and livestock activities. If only peace and stability are achieved, these underdeveloped regions in various times will undoubtedly lead to progress. Therefore, I wish to encourage all of you to look at the local people with sympathy and join hands and strive to achieve peace and stability for their sake.

I wish to underline here that demanding our needs by holding arms, prioritizing our own aspirations based on tribalism hold back the development of these people. We have to be aware that it is deviation from democracy and is not the right way. Our interests and aspirations must be discussed, negotiated, and decided in the respective Hluttaws that emerged from the democratic elections.

**Esteemed national brethren of the Union,**

Nowadays, our ethnic brethren must respect the desires of minorities in accordance with democratic principles and work together in building a union based on democracy and federalism, which is the ultimate goal of our country. We must work together in building Myanmar society which establishes democratic administration system, ensures the endurance of the democratic system, and respects the rule of law. We have to pay attention to the fact that if democracy is properly practiced, it is beneficial for the nation and its people. On the other hand, if it is not implemented correctly, it could lead to the loss of a nation's existence, nationality, religion, social and culture. Therefore, I would like to urge all national brethren to work together consciously to implement this goal.

Similarly, in building a Federal System that the entire people aspire, we must recognize that federalism fundamentally involves power-sharing among diverse regions, states, ethnic nationalities and tribal groups. It is essential to look at the long-term interests of our peoples and our Union, and to build a model of federalism that is suitable for our country. The government will make necessary amendments regarding the required ethnic rights and political demands in accordance with the Constitution. I would like to reiterate our firm determination to tirelessly build a Union based on democracy and federalism.

**Esteemed national brethren of the Union,**

In accordance with the 2008 Constitution, our country will hold a free and fair multi-party democratic general election on 28 December. We will transfer state responsibility to the government that will emerge from the election, in line with democratic standards.

Since assuming the State responsibility, I have set out priority tasks in stages and implemented them amid many challenges. In this regard, we would like to call for the cooperation of the respective EAOs. In order to fulfill the wishes and aspirations of the ethnic people in line with democratic norms, all ethnic representatives must be present in the Hluttaw which is political arena, so that the aspirations and objectives of each ethnic group can be openly discussed, collectively decided, and implemented.

In the upcoming election, the FPTP (First-Past-The-Post) electoral system will be used for the Pyithu Hluttaw only. For Amyotha Hluttaw and the Region or State Hluttaws, the Mixed-Member Proportional electoral system (MMP) will be used. This approach ensures that small parties and ethnic parties, gain representation through proportional representation system. If the elections are conducted only through the FPTP of the "winner-take-all" system, larger parties that win the majority of the votes would dominate the Hluttaw. By balancing with the PR (Proportional Representation) system, the votes for smaller political parties and ethnic parties which are in vain could secure seats in the Hluttaw through proportional representation.

Our national brethren of the union need to choose individuals who will value the respective regions and ethnicities. We should nurture the habit of voting with good judgment for the flourishing of the democratic system.

**Esteemed national brethren of the Union,**

In conclusion, based on the lessons learnt from history, national unity is paramount importance for the stability, peace, and rule of law in the country. Peace and unity are also essential for ending armed conflict and ensuring all ethnic people can live together in peace and harmony in the Union forever.

The goal of lasting peace can be swiftly achieved only through genuine political will, a sincere desire for peaceful negotiation, patience, and persistent efforts.

Hence, I would like to conclude by urging the entire people to uphold mindfulness with wisdom, stand firmly on the path of the NCA, and work together with patience and unity, to achieve nationwide perpetual peace in the future.

Thank you all.

# Roundup: U.S. gov't shutdown hits day 14 as deadlock between two parties remains

**Washington October 15**

The U.S. government's partial shutdown has hit day 14 on Tuesday, with no signs of abating.

The main issue is the deadlock between Congressional Democrats and Republicans over healthcare funding, and neither side is willing to cave.

The Senate on Tuesday rejected a GOP House-passed short-term funding bill to reopen the government for the eighth time, ensuring the shutdown enters its third week. The bill needed 60 votes to advance but merely received 49.

House Speaker Mike Johnson, a Republican from Louisiana, warned of the possible impacts of a prolonged shutdown.

"We're barreling toward one of the longest shutdowns in American history, unless Democrats drop their partisan demands and pass a clean, no-strings-attached budget to reopen the government and pay our federal workers," he said on Monday.

Democrats, in turn, accuse Republicans of wanting to cut crucial healthcare funding for the American people.

The lengthiest U.S. government shutdown ever recorded lasted 35 days during President Donald Trump's first term, in late 2018 and early 2019.

Republican members of Congress claim that Democrats want to extend the shutdown beyond the scheduled protests this weekend in Washington, in an attempt to show party activists that they are pushing back against the Trump administration.

Xinhua

# Budalin Township to plant over 4,000 acres of winter lablab beans

**Budalin October 15**

More than 4,000 acres of lablab beans will be planted in the next winter crops planting season in Budalin Township, Monywa District, Sagaing Region, according to the statistics from the Department of Agriculture for Budalin Township.

In the 2025-2026 winter crops planting season, 4,300 acres of lablab beans are planned to be planted in Budalin Township, and planting will begin from October this year until December, and preparations are underway to plant them.

"We will work to ensure that the target acres are planted. We will work with farmers to provide good quality seeds, inputs, and post-harvest technology to improve the yield and quality of lablab beans," said U Phyo Wai, head of the Department of Agriculture for Budalin Township.

The Township Agriculture Department will conduct awareness-raising activities to help farmers grow beans in Budalin Township to expand their acreages, improve yields, and cultivate good and high-yielding varieties using GAP methods.

206

# Pwintbyu Township produces more than 3,500 viss of vegetables

**Pwintbyu October 15**

Local farmers have harvested 480 acres of vegetables planted in Pwintbyu Township of Magway Region this monsoon, and more than 3,500 viss of vegetables could be produced, according to the statistics of Pwintbyu Township Agriculture Department.

In Pwintbyu Township, a total of 1,865 acres of various vegetables were cultivated during this year's monsoon crop season to help ensure local food security. Harvesting of these vegetable fields began in August, and so far, 480 acres have been harvested, yielding 3,525 viss per acre.

"This year, 1,865 acres of vegetables were cultivated in Pwintbyu Township during the monsoon crop season with the aim of ensuring food security and increasing farmers' income. Harvesting started in August, and as of today, about 480 acres have been completed. To protect consumers' health, farmers have been guided to cultivate vegetables with minimal chemical residue and in line with safe and healthy practices," said Daw Moe Moe Wai, Head of the Township Department of Agriculture in Pwintbyu.

During the monsoon crop season, the Township Department of Agriculture supported local vegetable farmers through technical training on GAP (Good Agricultural Practices) to improve yields and ensure safe, high-quality produce. Assistance was also provided in expanding cultivated acreage, distributing quality seed varieties, and sharing knowledge on pest prevention.

If vegetable cultivation is carried out to achieve higher and better yields, it will not only ensure sufficient local food supply but also allow surplus crops to be marketed, generating income and improving socio-economic livelihoods. Therefore, expansion of vegetable cultivation should be pursued across different regions, Daw Moe Moe Wai added.

Ye Win Naing (NyaungU)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E.Mr. Deng Xijun ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယအသိသက်သေနှင့် နိုင်ငံခြားရေးအတွင်းဝန်ကိုယ်စား အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်ယာယီသမ္မတ၏အကြံပေးပုဂ္ဂိုလ်များနိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပအသိသက်သေများ၊ NCA ညှိနှိုင်းဆွေးနွေးစဉ်ကပါဝင်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ(UPCC)၊ NSPNCကိုယ်စားလှယ်များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ တာဝန်ရှိသူများ၊ အိမ်နီးချင်းနိုင်ငံများ၏ အထူးကိုယ်စားလှယ်များ၊ နိုင်ငံခြားသံတမန်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် စောမူတူးစေးဖိုး၊ ဦးဇိုဇမ်နှင့် စိုင်းထွန်းကြည်တို့က တိုင်းရင်းသားများနှင့်အတူ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ သဘောထားအမြင်များကို ကိုယ်တိုင်ရေးသားပြီး ချိတ်ဆွဲကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌနှင့် အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်သည်တော်များသည် (MICC-I) Lobby ၌ ခင်းကျင်းပြသထားသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို(MICC-I) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို LED Animation ဖြင့် စတင်ဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အလံအား စုပေါင်းအလေးပြုကြသည်။

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုဖော်ကျူးထားသည့် **"ငြိမ်းချမ်းခေတ်မီပြည်သစ်ဆီ"**တေးသီချင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြပြီး NCA ပေါ်ပေါက်လာပုံနှင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပုံဖော်ထားသည့် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"** Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်မြောက် နှစ်ပတ်လည်နေ့ဆိုင်ရာ မိန့်ခွန်းပြောကြားသည်။ **(နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၏ မိန့်ခွန်းကို စာမျက်နှာ(၁၇)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ ၇၇ နှစ် ကျော်ပြီဖြစ်ပြီး လာမည့် ၂၀၂၈ ခုနှစ်တွင် နှစ် ၈၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစပြီး ယခုအချိန်အထိ လွတ်လပ်ရေး၏ အနှစ်သာရကို အပြည့်အဝခံစားခဲ့ရမှု မရှိခဲ့ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန် ကတည်းက ပယောဂအမျိုးမျိုးကြောင့် တိုင်းရင်းသားပြည်သူများအားလုံး ဒုက္ခဆင်းရဲမျိုးစုံဖြင့် တွေ့ကြုံနေရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပါအဝင် တည်ငြိမ်ပြီး တိုးတက်လျက်ရှိသည့် နိုင်ငံများနှင့်နှိုင်းယှဉ်ကြည့်နိုင်ကြောင်း၊ မိမိတို့နိုင်ငံနှင့်အင်အားချင်းတူညီသည့်၊ လူဦးရေအရ တူညီသည့်၊ အကျယ်အဝန်းအရ တူညီသည့်၊ စီးပွားရေးအရ တူညီသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မိမိတို့နိုင်ငံသည် နောက်ကျနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့နောက်ကျ ကျန်နေရခြင်းမှာ ပြည်တွင်းပြည်ပ ပယောဂများကြောင့် ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဆိုးရွားဆုံးမှာ မိမိတို့နိုင်ငံသားများအနေဖြင့် အသိပညာ၊ အတတ်ပညာ၊ အတန်းပညာများ အားနည်းနေသည်ကို လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ သိရှိရကြောင်း၊ အဆိုပါအချက်အလက်များကိုကြည့်ခြင်းအားဖြင့် မိမိတို့အနေဖြင့် မိမိတို့နိုင်ငံသားများအတွက် ပညာရည်မြှင့်တင်ပေးရန် သင်ခန်းစာကြီးမားစွာ ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရပြီးစမှ ယနေ့အထိ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုး ကြုံခဲ့ရကြောင်း၊ ပြီးခဲ့သည့် ငြိမ်းချမ်းရေးညီလာခံတွင် မိမိပြောကြားခဲ့သကဲ့သို့ ရှင်ကြီးဝမ်းလည်းဝင်ခဲ့ပြီ ရှင်ငယ်ဝမ်းလည်းဝင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ် ဒီမိုကရေစီတောင်းဆိုမှု လုပ်ဆောင်သည့်အချိန်တွင် ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီကို လမ်းကြောင်းအပေါ် လျှောက်လှမ်းလိုသည်ဟု တောင်းဆိုခဲ့ကြခြင်းကြောင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ၂၀၁၁ ခုနှစ်တွင် ပြည်သူများ လိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ တစ်ဖက်မှလည်း ပါတီစုံဒီမိုကရေစီထက် ပြည့်စုံသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဦးဆောင်၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအချိန်က ဖြစ်ပေါ်ခဲ့သည့် အခြေအနေများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ခြင်းဖြစ်သဖြင့် ယခုအချိန်တွင် ပြုပြင်ရန် လိုအပ်ချက်များရှိသည်ကို မိမိအနေဖြင့်နားလည်ကြောင်း၊ ထို့ကြောင့် ၂၀၂၁ ခုနှစ် မိမိတို့အစိုးရ နိုင်ငံတော်တာဝန်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်ပတ်သက်၍ သဘောထားအမြင်များကို ကိုယ်တိုင်ရေးသား ချိတ်ဆွဲစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံမှ အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ(APRC)၏ ယာယီအထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးဟောင်း H.E. Mr. Plsanu Suvanajata ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

**မိမိ၏ဆန္ဒမှာ တိုင်းပြည်အေးချမ်းပြီး တိုးတက်သည့်တိုင်းပြည်ဖြစ်စေလို၊ မိမိတို့အနေဖြင့် ဖြစ်နိုင်သည်များကိုလုပ်ဆောင်ပေးလျက်ရှိပြီး တိုင်းရင်းသားများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့်လည်း ဖြစ်နိုင်သည်များကိုသာ ပြောကြားရန်နှင့် လုပ်ဆောင်ကြရန်လို၊ မဖြစ်နိုင်သည်များကို ပြောကြားဆောင်ရွက်နေ၍မရ၊ အားလုံးက ဦးတည်ချက်မှန်ကန်စွာဖြင့် လုပ်ဆောင်ကြရန်လို၊ တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း တောင်းဆိုချက်များဆောင်ရွက်သည့်အခါတွင် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင်ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်အမျိုးသားခေါင်းဆောင် စောမူတူးစေးဖိုးကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးအောင်မင်းကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

ယူပြီးသည့်အချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တွေ့ဆုံသင့်တွေ့ဆုံထိုက်သည့်ပုဂ္ဂိုလ်များနှင့် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိ၏ ကိုယ်စားလှယ်များနှင့်သော်လည်းကောင်း အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် အချို့သဘောတူညီချက်များကိုပေးခဲ့ကြောင်း၊ **မိမိ၏ဆန္ဒမှာ တိုင်းပြည်အေးချမ်းပြီး တိုးတက်သည့်တိုင်းပြည်ဖြစ်စေလို**ကြောင်း၊ နောက်ကျကျန်ခဲ့ရသည်များကို သုံးသပ်ရန်လိုကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် ဖြစ်နိုင်သည်များကိုလုပ်ဆောင်ပေးလျက်ရှိပြီး တိုင်းရင်းသားများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ အနေဖြင့်လည်း ဖြစ်နိုင်သည်များကိုသာ ပြောကြားရန်နှင့် လုပ်ဆောင်ကြရန်လို**ကြောင်း၊ **မဖြစ်နိုင်သည်များကို ပြောကြားဆောင်ရွက်နေ၍မရ**ကြောင်း၊ **အားလုံးက ဦးတည်ချက်မှန်ကန်စွာဖြင့် လုပ်ဆောင်ကြရန်လို**ကြောင်း။

**တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း တောင်းဆိုချက်များ ဆောင်ရွက်သည့်အခါတွင် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်သည့်အခါတွင် အချိုးကျကိုယ်စားပြုစနစ်သွားရန် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲအား ရွေးကောက်ပွဲပုံစံပြောင်းရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းမှာလည်း နိုင်ငံရေးပါတီအားလုံး၏ သဘောတူညီမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရန်အတွက် လက်ရှိအချိန်တွင် စာရင်းပေးထားသည့် နိုင်ငံရေးပါတီ ၅၇ ပါတီရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ခြောက်ပါတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ၅၁ ပါတီရှိကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားသည့် ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်ရှိကြောင်း၊ ထို့ကြောင့်ရွေးကောက်ပွဲသည် အားကောင်းသည့်ရွေးကောက်ပွဲတစ်ခုဖြစ်မည်ဟုလည်း ပြောကြားလိုကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲသုံးရပ်တွင် အတွေ့အကြုံအရ မဲလက်မှတ်များဖြင့်ပေးခြင်းနှင့် ကြိုတင်မဲများပေးခြင်းကြောင့် မဲမသမာမှုနှင့် မှားယွင်းမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မဲမသမာမှုများဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲများပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်ဟု မိမိအနေဖြင့်ယုံကြည်ကြောင်း၊ ရွေးကောက်ပွဲပထမအကြိမ်တွင် ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်တွင် မြို့နယ် ၁၀၀ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအား တတိယအကြိမ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အချို့နေရာများအတွက် ရာနှုန်းပြည့် ရွေးကောက်ပွဲ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ယခင်က ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသုံးရပ်လုံးတွင်လည်း ရာနှုန်းပြည့်ကျင်းပနိုင်ခဲ့မှုမရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရန် အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိနေသည့်မြို့နယ်များတွင်လည်း နောင်လာမည့် အစိုးရအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကာလတွင် ဆက်လက်၍ဆောင်ရွက်သွားရန် စဉ်းစားထားကြောင်း။ **စာမျက်နှာ ၁၈ သို့**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားအကအဖွဲ့များကို ငြိမ်းချမ်းရေးဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၇ မှအဆက်

အဓိကအားဖြင့် မိမိတို့နိုင်ငံအနေဖြင့် ပြည်သူများက ရွေးချယ်ထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန် လိုအပ်ပြီး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ နိုင်ငံတော်၏ သမိုင်းကြောင်း၊ ပထဝီနိုင်ငံရေးအရ အရေးပါမှုများကိုကြည့်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့သော နိုင်ငံရေးစနစ်မတူညီသည့်၊ကမ္ဘာတွင် အင်အားကြီးနိုင်ငံများ၌ပါဝင်သည့် နိုင်ငံကြီး နှစ်ခုအကြားတွင်တည်ရှိနေသဖြင့် မိမိတို့နိုင်ငံအနေဖြင့် မှန်မှန်ကန်ကန် ရပ်တည်ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်အပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့စဉ်းစားဆောင်ရွက်ရာတွင် မိမိတို့တွင်ရှိသည့် အားနည်းချက်ဖြစ်သော အသိပညာ၊ အတတ်ပညာ၊ အတန်းပညာများ တိုးတက်မြင့်မားလာရေးအတွက် ပညာရေးနှင့်ပတ်သက်၍ အဓိကထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ကြောင့် ပထမအဆင့်အနေဖြင့် KG + 9 အထိ မဖြစ်မနေသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မကြာမီကာလက ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့် ကျောက်မဲဒေသတွင်လည်း ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံးပညာပြန်လည်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း၊ ကလေးငယ်များ၏ ပညာရေးမဆုံးရှုံးစေရန်နှင့် ပညာရေးနောက်ကျခြင်းမရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သားသမီးချင်း၊ မိဘချင်းကိုယ်ချင်းစာ၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် တစ်နိုင်ငံလုံးရှိ ကလေးငယ်များ ပညာသင်ကြားမှုများ နောက်ကျကျန်ရစ်မှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီး ခေတ္တပိတ်ထားခဲ့ရသည့် တက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများကိုလည်း အမြန်ဆုံးပြန်လည်တည်ဆောက် ပြုပြင်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်တွင်လည်း တက္ကသိုလ်တစ်ခုကို ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း၊ မိမိတို့အနေဖြင့် ပညာရေးနောက်ကျနေ၍ မရကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စည်းကမ်းတကျဖြစ်သည့် ရွေးကောက်ပွဲဖြစ်လာစေရေး ထိုမှတစ်ဆင့် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းနိုင်ရေးဆောင်ရွက်ပြီး နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရန်အတွက် မိဘပြည်သူများ၊ ဒေသအလိုက် ခေါင်းဆောင်များ၊ မြို့မိမြို့ဖများက အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့အနေဖြင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူလူထု၏ ဆန္ဒပင်ဖြစ်ကြောင်း၊ ယခုငြိမ်းချမ်းရေးကို ဆောင်ရွက်သည်မှာ နောက်ကျနေပြီဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင်လည်း တပ်မတော်က နိုင်ငံတော်တာဝန်ယူထားသည့်အတွက် မဆွေးနွေးနိုင်ဟု ပြောကြားခဲ့သည်များလည်းရှိကြောင်း၊ NCA တွင် တပ်မတော်အနေဖြင့် မိမိကိုယ်တိုင်ပါဝင် လက်မှတ်ရေးထိုးထားခြင်း ဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ပေးထားသည့်ကတိကို မည်သည့်အခါမျှ ဖောက်ဖျက်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် အချိန်စောစီးစွာဖြင့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက စောစီးစွာအကောင်အထည်ဖော်နိုင်နေမည် ဖြစ်ကြောင်း၊ ရသည့်အချိန်အတွင်း ဥပဒေပြင်ဆင်ရေးအတွက် သဘောတူညီချက်များရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် သက်ဆိုင်သူ ပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ကြည့်၍ ဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုကြောင်း၊ မိမိတို့နိုင်ငံ ဒုက္ခမရောက်အောင်၊ တိုင်းပြည်ကောင်းအောင်လုပ်ကြရန် ပူးပေါင်းဆောင်ရွက်ပေးကြရန်ပြောကြားလိုကြောင်း၊** မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းရန်အတွက် လုပ်ဆောင်ရန် အမြဲအဆင်သင့်ရှိကြောင်းကို ပြောကြားလိုကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**မိမိတို့အနေဖြင့် အချိန်စောစီးစွာဖြင့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက စောစီးစွာအကောင်အထည်ဖော်နိုင်နေမည်ဖြစ်၊ ရသည့်အချိန်အတွင်း ဥပဒေပြင်ဆင်ရေးအတွက် သဘောတူညီချက်များရရှိအောင်ဆောင်ရွက်နိုင်ခဲ့၊ သက်ဆိုင်သူပုဂ္ဂိုလ်များအနေဖြင့် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ကြည့်၍ ဆောင်ရွက်ပေးကြရန်တိုက်တွန်းလို၊ မိမိတို့နိုင်ငံ ဒုက္ခမရောက်အောင်၊ တိုင်းပြည်ကောင်းအောင်လုပ်ကြရန် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလို . . .**

ယင်းနောက် NCA တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ကရင်တိုင်းရင်းသား ခေါင်းဆောင် စောမူတူးစေးဖိုး၊ NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ ကိုယ်စားလှယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr. Deng Xijun၊ အိန္ဒိယအသိသက်သေနှင့် နိုင်ငံခြားရေးအတွင်းဝန်ကိုယ်စား အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Abhay Thakur၊ ထိုင်းနိုင်ငံမှ အာရှငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးကောင်စီ(APRC)၏ ယာယီအထွေထွေအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးဟောင်း H.E. Mr. Plsanu Suvanajata နှင့် NCAတွင် ပါဝင်လက်မှတ်ရေးထိုးသူ ဦးအောင်မင်းတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစကားများပြောကြားကြသည်။ **(ဂုဏ်ပြုစကားများကို သီးခြားဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံဒေသတွင်းမှ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကရင်အမျိုးသားခေါင်းဆောင် စောမူတူးစေးဖိုးနှင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးသူဦးအောင်မင်းတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဂုဏ်ပြုဖော်ကျူးထားသည့် **"ငြိမ်းချမ်းရေးပန်းခင်း"** တေးသီချင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသားအနုပညာရှင် ဝန်ထမ်းများကလည်းကောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့်လည်းကောင်း၊ **"သွေးကပြောသောသစ္စာ"**သီချင်းဖြင့် တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများကလည်းကောင်း အသီးသီးသီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားအကအဖွဲ့များကို **"ငြိမ်းချမ်းရေးဂုဏ်ပြုပန်းခြင်း"**နှင့် ဂုဏ်ပြုချီးမြှင့်ငွေ သိန်း ၁၀၀၀ အား ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားအကအဖွဲ့များ နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (ဖ၀၁)

# NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် အဖွင့်မိန့်ခွန်း

(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားမှာ "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA)"ကို ချုပ်ဆိုနိုင်ခဲ့တာ ၁၀ နှစ်ပြည့်မြောက်တဲ့ မင်္ဂလာရှိသောနေ့ပဲဖြစ်ပါတယ်။ ယခုလိုအချိန်အခါသမယမှာ သဘောတူစာချုပ် စတင်လက်မှတ်ရေးထိုးချိန်က ပါဝင်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအတွက် အကျိုးဆောင်ပေးနေကြတဲ့ ပုဂ္ဂိုလ်များ၊ နိုင်ငံတကာအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းတို့ဖြင့် ကောင်းကျိုးလိုရာဆန္ဒများပြည့်ဝနိုင်ကြပါစေကြောင်းနဲ့ နိုင်ငံရဲ့ငြိမ်းချမ်းရေးအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ရှေးရှုဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ယနေ့အချိန်မှာ ကျွန်တော်တို့တိုင်းပြည်ရဲ့ပကတိလိုအပ်ချက်ဟာ တည်ငြိမ်အေးချမ်းရေးပဲဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိပါမှ ပြည်သူလူထုဟာ ကောင်းမွန်စွာစီးပွားရှာနိုင်ပါမယ်။ လုံခြုံစွာနေထိုင်နိုင်ပါမယ်။ ခိုင်မာတိုးတက်တဲ့လူမှုစီးပွားဘဝများကိုလည်း တည်ဆောက်နိုင်ပါမယ်။ ဒါကြောင့် ပြည်သူလူထုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးကို အရေးကြီးတဲ့လုပ်ငန်းတစ်ခုအဖြစ် ကျွန်တော်တို့အားလုံးမဆုတ်မနစ် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။



> "ယနေ့မျက်မှောက်ကာလထိ တိုင်းရင်းသားညီအစ်ကိုတွေ သင့်သင့်မြတ်မြတ်စည်းစည်းလုံးလုံးဖြစ်လာမှာကို မလိုလားတဲ့ ပြည်တွင်းပြည်ပအဖျက်အမှောင့်အုပ်စုတွေကလည်း နည်းလမ်းပေါင်းစုံအသုံးပြုပြီး နှောင့်ယှက်မှုအမျိုးမျိုးပြုလုပ်နေကြတာကို သတိကြီးစွာထားကြဖို့ လိုအပ်ပါတယ်။ "နွားကွဲရင် ကျားဆွဲတတ်တယ်"ဆိုတာကို သိပါလျက်နဲ့ "ငါ့လှေငါထိုး ပဲခူးရောက်ရောက်" စိတ်မျိုး မမွေးကြဖို့ လိုအပ်ပါတယ်။"

**မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်လာတဲ့ လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းစေဖို့ခေတ်အဆက်ဆက်အစိုးရတွေအနေနဲ့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ လက်ရှိအခြေအနေမှာလည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေကြရဆဲလည်းဖြစ်ပါတယ်။ ယနေ့မျက်မှောက်ကာလထိ တိုင်းရင်းသားညီအစ်ကိုတွေ သင့်သင့်မြတ်မြတ်စည်းစည်းလုံးလုံးဖြစ်လာမှာကို မလိုလားတဲ့ ပြည်တွင်းပြည်ပအဖျက်အမှောင့်အုပ်စုတွေကလည်း နည်းလမ်းပေါင်းစုံအသုံးပြုပြီး နှောင့်ယှက်မှုအမျိုးမျိုးပြုလုပ်နေကြတာကို သတိကြီးစွာထားကြဖို့ လိုအပ်ပါတယ်။ "နွားကွဲရင် ကျားဆွဲတတ်တယ်"ဆိုတာကို သိပါလျက်နဲ့ "ငါ့လှေငါထိုး ပဲခူးရောက်ရောက်" စိတ်မျိုးမမွေးကြဖို့ လိုအပ်ပါတယ်။

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့ အဆိုစကားဟာ အဓိပ္ပာယ်အားဖြင့် လွန်စွာလေးနက်လှပြီး အမြဲထာဝရမှန်ကန်နေမယ့်အမှန်တရားဖြစ်တယ်ဆိုတာကို အလေးထားလိုက်နာခံယူသွားကြဖို့ လိုအပ်ပါတယ်။

**တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေတိုင်းမှာ NCAနဲ့ပတ်သက်ပြီး အလေးအနက်ထားပြောကြားခဲ့ခြင်းဟာ NCA စာချုပ်သည် ကျွန်တော်တို့နိုင်ငံအတွက် အရေးတကြီးလိုအပ်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အဓိကအကျဆုံးအခြေခံလုပ်ဆောင်ရမယ့်အချက်ဖြစ်နေလို့ပါ၊ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏အခွင့်အရေးနဲ့ ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။

NCA စာချုပ်ကြိုးပမ်းမှုအစဟာ ပထမဒီမိုကရေစီအစိုးရကာလ နိုင်ငံတော်သမ္မတရဲ့ ၂၀၁၁ ခုနှစ်ဩဂုတ် ၁၈ ရက် ကြေညာချက်(၁/၂၀၁၁)နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ရာကနေ စတင်ခဲ့ပါတယ်။ ထိရောက်တဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေပြုလုပ်နိုင်ဖို့အတွက် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်ရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)၊ ဒုတိယသမ္မတ ဦးဆောင်တဲ့ အဖွဲ့ဝင် ၅၂ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)တို့ကို ဖွဲ့စည်းခဲ့ပါတယ်။

အဲ့ဒီနောက်မှာတော့ ကချင်ပြည်နယ် လိုင်ဇာမှာ ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ညီလာခံကနေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂ ရက်မှာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT)ကို အဖွဲ့ဝင် ၁၃ ဦးနဲ့ဖွဲ့စည်းခဲ့ပြီး အဆိုပါ NCCT ကိုယ်စားလှယ်များဟာ UPWC ကိုယ်စားလှယ်အဖွဲ့များနဲ့ ၂၀၁၄ ခုနှစ် မတ် ၉ ရက်ကနေ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်ထိ NCA မူကြမ်းရရှိရေးအတွက် ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် အခန်း ခုနစ်ခန်း၊ အပိုဒ် ၃၃ ပိုဒ်ပါ သဘောတူစာချုပ်ကို အတည်ပြုမူကြမ်းအဖြစ် နှစ်ဖက်သဘောတူညီမှုရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီအတောအတွင်း ၂၀၁၅ ခုနှစ် ဇွန် ၂ ရက်မှ ၉ ရက်ထိကျင်းပခဲ့တဲ့ ကရင်ပြည်နယ် လော်ခီးလာညီလာခံမှာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD)ကို အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းခဲ့ပါတယ်။

NCA မူကြမ်းအတည်ပြုချက်ရရှိပြီးတဲ့နောက်မှာတော့ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ UPWC ကိုယ်စားလှယ်အဖွဲ့များနဲ့ EAO အဖွဲ့တွေရဲ့ SD အဖွဲ့ကိုယ်စားလှယ်များဟာ MPC မှာ အဌမအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ၂၀၁၅ ခုနှစ် မတ်လမှာ EAO များပြုလုပ်တဲ့ လော်ခီးလာညီလာခံမှ UPWC နဲ့ NCCT ကိုယ်စားလှယ်များအကြား သဘောတူစာချုပ်(အတည်ပြုမူကြမ်း)ကို အချောသပ်တဲ့ ဆွေးနွေးညှိနှိုင်းခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။

ဒီလိုအဆင့်ဆင့် တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှာတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ဟာ နိုင်ငံတကာအသိသက်သေများရဲ့ရှေ့မှောက်မှာ ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ လက်မှတ်ရေးထိုးပွဲမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအသိသက်သေအဖြစ် ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာတော့ EAO အဖွဲ့နှစ်ဖွဲ့ ထပ်မံပါဝင် လက်မှတ်ရေးထိုးလာတဲ့အတွက် စုစုပေါင်းအဖွဲ့ ၁၀ ဖွဲ့အထိ အကောင်အထည်ဖော်လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ NCA ဟာ နိုင်ငံတော်အစိုးရ၊တပ်မတော်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့အကြား ၁၈ လကြာ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှာ ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုခဲ့ပြီး မြန်မာ့သမိုင်းမှာ NCA စာချုပ်ဟာ အထင်ကရစာချုပ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ NCA စာချုပ်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ နိုင်ငံတော်အစိုးရတို့အကြား အာမခံချက်ပေးထားတဲ့ ကတိကဝတ်နဲ့ သဘောတူညီချက်တစ်ခုဖြစ်ပါတယ်။

NCA ရဲ့အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ပူးပေါင်းပါဝင်လာကြဖို့လိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အသက်သွေးကြောပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကိုပြန်ကြည့်မယ်ဆိုရင် စတင်ရေးဆွဲစဉ်ကတည်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟာ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်က စတင်ကျင်းပပြီး နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ ဥပဒေရေးရာ စတဲ့ရှုထောင့်မျိုးစုံက အတွေ့အကြုံကြွယ်ဝတဲ့အစုအဖွဲ့ ရှစ်ခုဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲမှာ ရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနဲ့ အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်များပါဝင်ပြီး စုပေါင်းရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုရေးဆွဲရာမှာလည်း နိုင်ငံတော်ကို စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်နိုင်ဖို့ အခြေခံမူ ၁၀၄ ချက်နဲ့အညီ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် မေ ၂၉ ရက်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုနဲ့တိုင်းဒေသကြီး၊ ပြည်နယ်များကြားမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးအာဏာတွေကို ဘယ်လိုခွဲဝေပိုင်းခြား ကျင့်သုံးဆောင်ရွက်မယ်၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးနဲ့တာဝန်များ၊ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံရေးပါတီများနဲ့ အထွေထွေပြဋ္ဌာန်းချက်များစသဖြင့် အခန်းပေါင်း ၁၅ ခန်းနဲ့ ပြဋ္ဌာန်းချက်ပုဒ်မပေါင်း ၄၅၇ ခုတို့ကို အသေးစိတ်ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီး ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေတစ်ရပ်လည်းဖြစ်ပါတယ်။ ဒီလိုစတင်ရေးဆွဲစဉ်ကတည်းက အာဏာဖြန့်ဝေသုံးစွဲခြင်းနဲ့ဒီမိုကရေစီနိုင်ငံ၊ ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်ဖို့ ရည်ရွယ်ချက်နဲ့ရေးဆွဲခဲ့တာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပြဋ္ဌာန်းချက်တွေဟာ ဖက်ဒရယ်သဘောတရားတွေ ဒီမိုကရေစီသဘောတရားတွေ အပြည့်အဝပါဝင်နေတယ်ဆိုတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

**စာမျက်နှာ ၂၀ သို့**

> “ NCA ရဲ့အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCAရဲ့အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ပူးပေါင်းပါဝင်လာကြဖို့လိုပါတယ်။ ”

စာမျက်နှာ ၁၉ မှအဆက်

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့တဲ့ အခြေအနေအရပ်ရပ်အရ ကျွန်တော်တို့အစိုးရအနေနဲ့ စတင်တာဝန်ယူပြီးကတည်းက ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အထူးအလေးထားဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ “နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCAပါသဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”ဆိုတဲ့လုပ်ငန်းစဉ်ကို ထည့်သွင်းချမှတ်ထားခဲ့ပါတယ်။ ဒ့ါပြင် ဦးတည်ချက်(၉)ရပ်ရဲ့ နိုင်ငံရေးဦးတည်ချက်မှာလည်း “တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး”ဆိုတဲ့ ဦးတည်ချက်ကိုလည်း ထည့်သွင်းချမှတ်ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ သဘောထားကွဲလွဲမှုတွေနဲ့ နိုင်ငံရေးပြဿနာတွေကို လက်နက်ကိုင်လမ်းစဉ်နဲ့ ဖြေရှင်းနေခြင်းဟာ မှန်ကန်တဲ့ လမ်းကြောင်းမဟုတ်ပါဘူး။ ပဋိပက္ခတွေ ပိုမိုများပြားလာနိုင်ပြီး ရည်မှန်းချက်နဲ့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ ဒ့ါကြောင့် လက်နက်ကိုင်ပဋိပက္ခကို လက်နက်နဲ့မဖြေရှင်းဘဲ နိုင်ငံရေးယဉ်ကျေးမှုသစ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ ဆောင်ရွက်ရပါမယ်။ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းကာ ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့၊ နိုင်ငံရေးပါတီများနဲ့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီလိုတွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မယ်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့လိုလားချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်မယ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်မယ်ဆိုတဲ့အချက်များနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ ပြင်ဆင်နိုင်ရေးအတွက် အချက် ၄၃ ချက်တို့ကိုလည်း သဘောတူညီခဲ့ကြပါတယ်။

> “ သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလွန်ပဲအရေးကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးဟာ ပြည်ထောင်စုကြီးအတွင်းမှာ စိတ်ချမ်းသာစွာနေထိုင်နိုင်ဖို့ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးလှပါတယ်။ ”

အဆိုပါသဘောတူညီချက်များကို မကြာမီပေါ်ပေါက်လာတော့မယ့် ပြည်ထောင်စုလွှတ်တော်ကို တင်ပြပြီး အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းစဉ်များနဲ့အညီ ဆက်လက်ဆောင်ရွက်သွားရမှာလည်းဖြစ်ပါတယ်။ အလားတူပဲ ၂၀၁၇ ခုနှစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(ဒုတိယအစည်းအဝေး)မှာ သဘောတူညီခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက်အစိတ်အပိုင်း(၁) ၃၇ ချက်၊ ၂၀၁၈ ခုနှစ်မှာ သဘောတူညီခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက်အစိတ်အပိုင်း(၂) ၁၄ ချက်၊ ၂၀၂၀ ပြည့်နှစ်မှာ သဘောတူညီခဲ့တဲ့ ပြည်ထောင်စုသဘောတူညီချက်အစိတ်အပိုင်း(၃) ၂၁ ချက်တို့ကို ကိုယ်စားလှယ်အသီးသီးက လက်မှတ်ရေးထိုးထားပြီး ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုထားပြီးဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်သွားမှာပဲဖြစ်ပါတယ်။

ဒီလိုတွေ့ဆုံဆွေးနွေးမှုတွေဟာ ဒီမိုကရေစီရဲ့ ကျင့်စဉ်တစ်ခုပဲဖြစ်ပါတယ်။ ဒ့ါပြင် တွေ့ဆုံဆွေးနွေးမှုတွေကတစ်ဆင့် သဘောတူညီချက်များရယူပြီး အချင်းချင်းယုံကြည်မှုတိုးမြှင့်တည်ဆောက်သွားနိုင်မှာဖြစ်ပါတယ်။ ဆက်ပြီးတော့လည်း ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အစိုးရနဲ့ EAO တွေကြား စိတ်ရင်းစေတနာမှန်ကန်စွာနဲ့ အကျေအလည်ဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်သွားကြဖို့လည်း လိုအပ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော့်အနေနဲ့ နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူချိန်ကစပြီး “တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး”ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်နဲ့ “စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး”ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ကို ချမှတ်အကောင်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုမြောက်မြားစွာရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားလူမျိုးအားလုံးကောင်းစားရေးအတွက် အာမခံနိုင်တဲ့ နိုင်ငံတော်ကို ထူထောင်နိုင်မှာဖြစ်ပါတယ်။

လက်နက်ကိုင်ပြဿနာကြောင့် ထိခိုက်ဆုံးရှုံးမှုအများဆုံးဟာ ဖွံ့ဖြိုးမှုအားနည်းတဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်များသာဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ အဲဒီဒေသတွေဟာ လွတ်လပ်ရေးမရမီနှင့်ရပြီး နဂိုကတည်းက အခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးတို့ကြောင့် ဖွံ့ဖြိုးမှုအားနည်းခဲ့သလိုဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် “လဲရာသူခိုးထောင်း”ဆိုသလို ပိုမိုအခြေအနေဆိုးရွားလာတာတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံတွေကို လေ့လာကြည့်ရင် နိုင်ငံရဲ့ဝေးလံလှတဲ့ ကျေးလက်ဒေသတွေမှာတောင် တည်ငြိမ်အေးချမ်းမှုရှိရင် ဖွံ့ဖြိုးတိုးတက်မှုရှိနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သဘာဝသယံဇာတပေါကြွယ်ဝတဲ့အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအတွက် ကောင်းမွန်တဲ့ရေခံမြေခံတွေရှိပြီးဖြစ်လို့ တည်ငြိမ်အေးချမ်းမှု၊ သာယာမှုရှိလာပါက ခေတ်အဆက်ဆက်ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသတွေမှာ ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲမသွေပဲဖြစ်ပါတယ်။ ဒ့ါကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒေသခံပြည်သူလူထုရဲ့မျက်နှာကို ကြည့်ကြပါ။ စာနာကြပါ။ သူတို့အတွက် တည်ငြိမ်အေးချမ်းမှုကို အားလုံးက ဝိုင်းဝန်းကြိုးပမ်းပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

ဒီနေရာမှာပြောလိုတာကတော့ လက်နက်စွဲကိုင်ပြီး လိုချင်တာတွေကို တောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ မိမိတို့ရဲ့ဆန္ဒကိုသာ ရှေ့တန်းတင် ဦးစားပေးဖန်တီးလုပ်ဆောင်မှုများဟာ မိမိတို့ဒေသခံပြည်သူလူထုကို ဖွံ့ဖြိုးမှုနောက်ကျအောင် ဆွဲချနေတာပဲဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့သွေဖည်နေပြီး မှန်ကန်တဲ့လုပ်ငန်းစဉ်မဟုတ်ကြောင်း အလေးအနက်သတိပြုရမှာဖြစ်ပါတယ်။ ဒီမိုကရေစီရွေးကောက်ပွဲများက ပေါ်ပေါက်လာတဲ့ လွှတ်တော်အသီးသီးမှာ မိမိတို့လိုလားချက်တွေကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ရယူကြရမှာဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရာမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ ဒီမိုကရေစီရဲ့ ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကို လေးစားတန်ဖိုးထားရမှာဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့အတွက် ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ သုံးတတ်ရင် နိုင်ငံနဲ့ပြည်သူတွေအတွက် အကျိုးရှိမှာဖြစ်သော်လည်း မသုံးတတ်ပါက ယင်းစနစ်မအောင်မြင်တဲ့အပြင် မိမိနိုင်ငံရဲ့ ဖြစ်တည်မှု၊ လူမျိုး၊ ဘာသာရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုတွေဆုံးရှုံးသွားနိုင်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုအားလုံးက အသိတရား၊သတိတရားများနဲ့ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမှာပဲဖြစ်ပါတယ်။

အလားတူပဲ တိုင်းရင်းသားပြည်သူအားလုံးလိုလားနေတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာမှာလည်း ဖက်ဒရယ်စနစ်ရဲ့ သဘောတရားဖြစ်တဲ့ မတူကွဲပြားတဲ့တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများနဲ့ လူမျိုးစုများ စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနဲ့ မျှဝေခံစားခြင်းတို့နဲ့အညီ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုး၊ပြည်ထောင်စုကြီးရဲ့ အကျိုးကို ရေရှည်ကြည့်ပြီး မိမိနိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကို တည်ဆောက်သွားကြဖို့လိုအပ်မှာဖြစ်ပါတယ်။ လိုအပ်တဲ့တိုင်းရင်းသားအခွင့်အရေးများ၊ နိုင်ငံရေးအရ တောင်းဆိုမှုများအရပြင်ဆင်ဖို့လိုအပ်တာတွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အစိုးရက ပြင်ဆင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခိုင်ခိုင်မာမာရပ်တည်ပြီး မမိုတ်မသုန်ဆောင်ရွက်သွားမယ်ဆိုတာ ထပ်လောင်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာ စတင်ကျင်းပပေးတော့မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲရလဒ်များအရ ပေါ်ထွက်လာတဲ့အစိုးရကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ကျွန်တော်နိုင်ငံတော်တာဝန်ယူချိန်ကတည်းက အခက်အခဲပေါင်းများစွာကြားကပဲ ဦးစားပေးလုပ်ဆောင်ရမယ့်တာဝန်တွေကို အဆင့်လိုက်ချမှတ်ပြီး ကြိုးစားအကောင်အထည်ဖော်ခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေများကို တွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ပြောကြားလိုပါတယ်။တိုင်းရင်းသားများရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ဒီမိုကရေစီနည်းလမ်းကျ ဆောင်ရွက်ပေးနိုင်ဖို့အတွက် နိုင်ငံရေးစင်မြင့်ဖြစ်တဲ့ လွှတ်တော်ထဲကို တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာဖို့ လိုအပ်ပါတယ်။ ဒါမှသာ လူမျိုးစုအလိုက် လိုလားချက်တွေ၊ ရည်မှန်းချက်တွေကို ပွင့်လင်းမြင်သာစွာဆွေးနွေးပြီး စုပေါင်းဆုံးဖြတ်အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

ယခုကျင်းပမယ့်ရွေးကောက်ပွဲစနစ်မှာ ပြည်သူ့လွှတ်တော်တစ်ခုတည်းထဲမှာသာ FPTP စနစ်ကို အသုံးပြုမှာဖြစ်ပြီး အမျိုးသားလွှတ်တော်နဲ့တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော်တို့မှာ ရောနှောထားတဲ့ ကိုယ်စားလှယ်အချိုးကျစနစ်(Mix Member Proportional System–MMP)ကို အသုံးပြုမှာဖြစ်ပါတယ်။ MMP စနစ်ကို အသုံးပြုခြင်းအားဖြင့် ပါတီငယ်များနဲ့ တိုင်းရင်းသားပါတီတွေဟာ အချိုးကျကိုယ်စားပြုစနစ်အရ ကိုယ်စားလှယ်လောင်းတွေရရှိလာမှာဖြစ်ပါတယ်။ FPTP စနစ်တစ်မျိုးတည်းကို အသုံးပြုမယ်ဆိုရင် နိုင်သူအကုန်ယူဆိုတဲ့အတိုင်း ကိုယ်စားလှယ်နေရာအများစုကို မဲအများဆုံးရရှိတဲ့ ပါတီကြီးတွေကရယူသွားမှာဖြစ်ပြီး လွှတ်တော်ထဲမှာ ပါတီကြီးတွေကသာကြီးစိုးသွားမှာဖြစ်ပါတယ်။ PR စနစ်နဲ့ ထိန်းညှိခြင်းဖြင့် တိုင်းရင်းသားပါတီများနဲ့ ပါတီငယ်များအနေနဲ့ ၎င်းတို့ရရှိတဲ့မဲများအလဟဿမဖြစ်ဘဲ အချိုးကျကိုယ်စားပြုစနစ်အရ ကိုယ်စားလှယ်နေရာများရရှိပြီး လွှတ်တော်နေရာများကို ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။

တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေနဲ့ မိမိတို့အကျိုးစီးပွားကိုအမှန်တကယ်ဆောင်ရွက်သယ်ပိုးနိုင်တဲ့၊ မိမိလူမျိုး၊ မိမိဒေသအပေါ် အလေးထားမယ့်ပုဂ္ဂိုလ်တွေကို ရွေးချယ်သွားနိုင်ကြဖို့လိုပါတယ်။ ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်မဲပေးတဲ့ဓလေ့ကို ဒီမိုကရေစီစနစ်ထွန်းကားရှင်သန်ရေးအတွက် လေ့ကျင့်မွေးမြူကြဖို့ပြောလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

နိဂုံးချုပ်အနေနဲ့ပြောကြားလိုတာကတော့ သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့တရား ဥပဒေစိုးမိုးရေးအတွက် အလွန်ပဲအရေးကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးဟာ ပြည်ထောင်စုကြီးအတွင်းမှာ စိတ်ချမ်းသာစွာနေထိုင်နိုင်ဖို့ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးလှပါတယ်။

ငြိမ်းချမ်းရေးရရှိဖို့အတွက် အမှန်တကယ်လိုလားတဲ့ဆန္ဒ၊ ငြိမ်းချမ်းစွာညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှုနဲ့ တစိုက်မတ်မတ်ကြိုးစားအားထုတ်မှုတွေရှိမှသာ ပန်းတိုင်ခရီးကို လျင်မြန်စွာရောက်ရှိမှာဖြစ်ပါတယ်။

ဒ့ါကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ အသိဉာဏ်ပညာဖြင့် သတိတရားကိုလက်ကိုင်ထားပြီး NCA လမ်းကြောင်းအပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ကြဖို့၊ တစ်ဦးနှင့် တစ်ဦး စိတ်ရှည်သည်းခံကာ စည်းလုံးညီညွတ်စွာနဲ့ အနာဂတ်ကာလမှာ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အားသွန်ခွန်စိုက်အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ပြောကြားသည့် ဂုဏ်ပြုစကား

**နေပြည်တော် အောက်တိုဘာ ၁၅**

ချစ်ကြည်လေးစားရပါသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပွဲ (၁၀)နှစ်ပြည့် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ သက်ဆိုင်ရာတာဝန်ရှိ လူကြီးမင်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် သံတမန်များကို မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီနေ့လို သမိုင်းဝင်အခမ်းအနားမှာ စကားပြောကြားခွင့်ရခြင်းဟာ ငြိမ်းချမ်းရေးကို စစ်မှန်စွာလိုလားတဲ့ ကျွန်တော့်လို စစ်သားအိုကြီးတစ်ဦးအတွက် ကြီးမားတဲ့ဂုဏ်သိက္ခာတစ်ခုလည်း ဖြစ်ပါတယ်။


NCA စာချုပ်ဟာ လူတချို့အတွက် စာချုပ်တစ်စောင်သာဖြစ်နိုင်ပေမယ့် တကယ်ကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ ခရီးစဉ်တစ်ခုကို စတင်ခြင်းဖြစ်ပါတယ်။ အဲဒီလို သဘောတူညီမှုရရှိဖို့အတွက် နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေက နှစ်နှစ်နီးပါးကြာ ဆွေးနွေးခဲ့ကြရတာဖြစ်ပါတယ်။ NCA ဟာ တစ်ခဏအတွင်းမှာ ရလာတဲ့ အောင်မြင်မှုတစ်ခုမဟုတ်ပါ။ အချိန်ယူပြီး အပြန်အလှန်နားလည်မှုနဲ့ ယုံကြည်မှုတည်ဆောက်ခဲ့ရတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ အဲဒီအချိန်က တစ်ဖက်ကိုတစ်ဖက် အနိုင်ယူဖို့မဟုတ်ဘဲ အပြန်အလှန်ယုံကြည်မှု၊ နားလည်မှုတည်ဆောက်ဖို့အတွက် ဉာဏ်ပညာတွေ၊ သတ္တိတွေနဲ့ ပေါင်းစည်းခဲ့ကြတာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အဆုံးမသတ်သွားသေးပါဘူး။ အပြန်အလှန်လေးစားမှုနဲ့ ယုံကြည်မှုတည်ဆောက်နိုင်သေးသလားဆိုတာ သက်ဆိုင်သူအားလုံးရဲ့ လက်ထဲမှာရှိနေပါတယ်။ မိမိအနေနဲ့ တိုက်တွန်းလိုတာက အပြန်အလှန်ယုံကြည်မှုတည်ဆောက်တဲ့ အစီအစဉ်များကို အမြန်ဆုံးလက်တွေ့ဖော်ဆောင်ကြရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆိုတာ စာချုပ်ပေါ်မှာ လက်မှတ်ထိုးရုံသက်သက်နဲ့ ဖြစ်ပေါ်လာနိုင်တဲ့အရာမဟုတ်ပါ။ စစ်မှန်တဲ့ စိတ်ဓာတ်နဲ့ ဆန္ဒတူညီမှုသာ ပေါ်ပေါက်လာနိုင်တာပါ။ အဲဒါကြောင့် အနာဂတ်အတွက် NCA ကိုအခြေခံတဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ပြန်လည်စတင်ဖို့၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ဖို့၊ ပြည်သူအတွက် ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ မြင်ရအောင်အားထုတ်ဖို့လိုပါတယ်။ NCA ဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်အပေါ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။ ဒီလမ်းကြောင်းမှာ အခက်အခဲရှိမယ်ဆိုတာ အားလုံးသိကြပေမယ့် အရေးကြီးတာက လှည့်ထွက်မသွားဘဲ ဆက်လက်အားထုတ်သွားကြဖို့ပဲဖြစ်ပါတယ်။ လက်တွေ့အခြေအနေများနဲ့ကိုက်ညီပြီး သက်ဆိုင်သူများအားလုံးပါဝင်ဆောင်ရွက်နိုင်မယ့် NCA ကို အခြေခံသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ရှာဖွေဖော်ထုတ်သွားကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆက်လက်အားထုတ်ကြိုးပမ်းတဲ့ အခါမှာ NCA အသိသက်သေနိုင်ငံများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခန်းကဏ္ဍကို အလေးထားပြီး မြှင့်တင်ဆောင်ရွက်သွားကြဖို့ကိုလည်း တိုက်တွန်းလိုပါတယ်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ NCA ကို လက်မှတ်ရေးထိုးခဲ့ခြင်းဟာ မြန်မာနိုင်ငံသား တိုင်းရင်းသားအချင်းချင်းအကြား သံသယ၊ မယုံကြည်မှုများကို လျှော့ချနိုင်မယ့် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ခု ချနိုင်ခြင်းဖြစ်ပါတယ်။ NCA ဆိုတာ စစ်ပွဲတွေကြောင့် မည်းမှောင်နေတဲ့ အနေအထားကနေ ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားသူ မြန်မာနိုင်ငံသားများအားလုံးအတွက် တောက်ပထွန်းလင်းတဲ့ အလင်းရောင်တစ်ခုဖြစ်ပါတယ်။ သို့သော် NCA သက်တမ်း (၁၀) နှစ်အတွင်းမှာပြဋ္ဌာန်းထားသလောက် အကောင်အထည်မဖော်နိုင်ခဲ့တာကိုတော့ ဝန်ခံရမှာဖြစ်ပါတယ်။

ယခု ၂၀၂၅ ခုနှစ်မှာတော့ နိုင်ငံရေးအလှည့်အပြောင်းဖြစ်လာပေမယ့် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ" ကျင်းပမှာ ဖြစ်သည့်အတွက် ရွေးကောက်ပွဲအကြိုကာလမှာဖြစ်စေ၊ အလွန်ကာလမှာဖြစ်စေ NCA အခြေခံအပေါ်ကနေ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ၊ နိုင်ငံရေးဆွေးနွေးပွဲများနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါတယ်။



ဒီအတွက်လည်း ကျွန်တော်တို့ NCA အပေါ် သစ္စာရှိရှိနဲ့ ရပ်တည်လုပ်ကိုင်နေကြတဲ့ အဖွဲ့အစည်းတွေကလည်း ပြင်ဆင်မှုကောင်းကောင်းနဲ့ ပါဝင်ကြရမှာ ဖြစ်ပါတယ်။

**ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား**

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့တစ်တွေဟာ တစ်နိုင်ငံလုံးအတွက် ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး ပြည်သူလူထုများရဲ့ အနာဂတ်မှာ လူငယ်မျိုးဆက်သစ်တွေအတွက် "ငြိမ်းချမ်းရေး" ဆိုတဲ့ အမွေအနှစ်ကို ချန်ထားရစ်နိုင်ဖို့ ကြိုးပမ်းကြရပါမယ်။ ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားကြဖို့ ညှိနှိုင်းဆွေးနွေးပွဲတွေကနေ လက်ရှိနိုင်ငံရေး အကျပ်အတည်းကိုကျော်လွှားကာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုပေါ်ထွန်းလာရေးအတွက်ကို စိတ်စေတနာအမှန်ဖြင့် မဆုတ်မနစ်ကြိုးပမ်းကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာ အသိသက်သေများ၏ ကိုယ်စားလှယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန H.E.Mr. Deng Xijiun ပြောကြားသည့် ဂုဏ်ပြုစကား

**နေပြည်တော် အောက်တိုဘာ ၁၅**

အဆွေတော် ယာယီသမ္မတကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ သံအမတ်ကြီးများ၊ လေးစားအပ်ပါသော ဂုဏ်သရေရှိ လူကြီးမင်းများ ခင်ဗျား

မင်္ဂလာနံနက်ခင်းပါလို့ ဦးစွာ နှုတ်ခွန်းဆက်ပါရစေ။ မိမိအနေနဲ့ မြန်မာနိုင်ငံရဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားမှာ ဂုဏ်ပြုပါဝင်ပေးနိုင်ဖို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) က ဖိတ်ကြားခဲ့တဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်က တရုတ်နိုင်ငံနဲ့ အခြားသက်ဆိုင်ရာနိုင်ငံတကာအဖွဲ့အစည်းများကိုသက်သေထားပြီး သမ္မတဟောင်းဦးသိန်းစိန်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၈)ဖွဲ့ရဲ့ ခေါင်းဆောင်တွေနဲ့အတူ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ သမိုင်းဝင်တိုးတက်မှုတစ်ရပ်လို့ဆိုနိုင်မယ့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်း မြန်မာနိုင်ငံဟာ ပြည်တွင်း၊ ပြည်ပ အခြေအနေအရပ်ရပ်နဲ့ ကြုံတွေ့ခဲ့ရသလို ကပ်ရောဂါ၊ တိုင်ဖွန်းမုန်တိုင်းနဲ့ ငလျင်လှုပ်ခတ်မှုစတဲ့စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ခဲ့ရပြီး တိုင်းပြည်ရဲ့ခံနိုင်ရည်စွမ်းအားကို အပြည့်အဝပြသခဲ့ပါတယ်။ နက်ရှိုင်းပြီး ကာလကြာရှည်တည်ရှိခဲ့တဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးတဲ့ ပေါက်ဖော်ဆက်ဆံရေးနဲ့အညီ တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို လိုအပ်တဲ့အထောက်အပံ့တွေ အချိန်မီပေးအပ်ခဲ့သလို မြန်မာနိုင်ငံရဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေး အကောင်အထည်ဖော်နေတဲ့ လမ်းကြောင်းကိုလည်း ဆတက်ထမ်းပိုး ရှေ့တိုးဆောင်ရွက်နိုင်ဖို့ ကူညီခဲ့ပါတယ်။

မြန်မာပြည်သူတွေဟာ ငြိမ်းချမ်းရေးကို လိုအပ်နေပါတယ်။ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေနဲ့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ အမျိုးသားရေးစည်းလုံးညီညွတ်မှုနဲ့ နယ်မြေပိုင်ဆိုင်မှုတို့ကို ကာကွယ်စောင့်ရှောက်ပိုင်ခွင့်အပေါ် ခိုင်ခိုင်မာမာ ထောက်ခံပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးအတွက် ကတိကဝတ်များ ပေးအပ်ဆောင်ရွက်နေတာကိုလည်း ခိုင်ခိုင်မာမာ ထောက်ခံပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအတွင်းမှာ ပဋိပက္ခတွေမြင့်တက်လာတာ ဒါမှမဟုတ် ထိန်းသိမ်းရခက်တဲ့ စည်းမဲ့ကမ်းမဲ့အခြေအနေတွေ ပေါ်ပေါက်လာမှာကိုတော့ မလိုလားပါဘူး။

ပြီးခဲ့တဲ့ ၁၀ နှစ်တာ ကာလအတွင်းမှာ မိမိတို့အနေနဲ့ နိုင်ငံတွင်းငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းနိုင်ဖို့အတွက် စစ်ပွဲတွေအဆုံးသတ်ပြီး ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်နိုင်ဖို့ မြန်မာနိုင်ငံအစိုးရကို ကူညီပေးရေး ကတိကဝတ်ပြုခဲ့ပါတယ်။ မကြာသေးမီ နှစ်ကာလတွေအတွင်း မြန်မာနိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ ဆန္ဒအရ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ ပြုလုပ်နိုင်ဖို့၊ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAOs) တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးနိုင်ဖို့ တရုတ်နိုင်ငံအနေနဲ့ မြန်မာတပ်မတော်ကို ကူညီပေးခဲ့ပါတယ်။ တစ်ဖက်မှာလည်း သက်ဆိုင်ရာနယ်မြေတွေရဲ့ တည်ငြိမ်ရေးနဲ့ အခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့အနေနဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံတော်အချုပ်အခြာအာဏာကို အပြည့်အဝလေးစားသလို ငြိမ်းချမ်းရေးဆွေးနွေးပွဲများနဲ့ အကျိုးတော်ဆောင်အနေနဲ့ ကြားဝင်ဆောင်ရွက်ပေးရတဲ့ အပြုသဘောဆောင်တဲ့ အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်ဖို့ အသင့်ရှိနေကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲကြီးအတွက် ငြိမ်းချမ်းရေးလိုအပ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ မြန်မာပြည်သူတစ်ရပ်လုံးအပေါ် ချစ်ကြည်ဖော်ရွေရင်းနှီးတဲ့ မူဝါဒကိုကျင့်သုံးပြီး အခြားနိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း မပြုဆိုတဲ့မူကိုလည်း တင်းတင်းကျပ်ကျပ် လိုက်နာလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအစဉ်အလာကို လေးစားသလို ပြည်ပအင်အားစုများက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လာတဲ့အခြေအနေကိုလည်း ဆန့်ကျင်ကြောင်း ပြောကြားလိုပါတယ်။

ယခုနှစ်ကုန်မှာ မြန်မာနိုင်ငံအနေနဲ့ အဓိက ပြည်တွင်းနိုင်ငံရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းပြီးတည်ငြိမ်တဲ့ ပြည်တွင်းအခြေအနေတစ်ရပ် လိုအပ်ပါတယ်။ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ရေး ကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံတွင်းက သက်ဆိုင်ရာပါတီတွေ၊ နိုင်ငံတွင်း အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေရှိတဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းကို ရွေးချယ်ဆောင်ရွက်နေပြီး ကနဦးကတည်းက နိုင်ငံရေး ပြန်လည်သင့်မြတ်ရေးနဲ့ တည်ငြိမ်တဲ့နိုင်ငံရေး လုပ်ငန်းစဉ်ပေါ်ထွန်းရေးကို ဆောင်ရွက်နေတဲ့ မြန်မာကို တရုတ်နိုင်ငံအနေနဲ့ ခိုင်ခိုင်မာမာထောက်ခံပါတယ်။ မကြာခင်ကျင်းပတော့မယ့် မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့လည်း လိုအပ်တဲ့ ရုပ်ဝတ္ထုပစ္စည်းအကူအညီ၊ နည်းပညာအကူအညီတွေ ပေးအပ်သွားဖို့ အသင့်ရှိနေကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုပါတယ်။



မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် ငြိမ်းချမ်းရေးလိုအပ်ပါတယ်။ ဒီနှစ်ဟာ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား သံတမန်ထူထောင်ခြင်း (၇၅)နှစ်ပြည့်မြောက်တဲ့နှစ်ဖြစ်ပြီး နှစ်နိုင်ငံအကြားအဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်လည်ပတ်ခဲ့ကြပါတယ်။ မိမိတို့အနေနဲ့ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ သဘောတူခဲ့တဲ့ အရေးကြီးကိစ္စရပ်တွေကို အကောင်အထည်ဖော်ဖို့၊ အေးအတူပူအမျှ အနာဂတ်အခြေခံတဲ့

စာမျက်နှာ ၂၅ သို့

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်စားလှယ် Mr. Pisanu Suvanajata ပြောကြားသည့် ဂုဏ်ပြုစကား



၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ နေပြည်တော်

လေးစားအပ်ပါသော ဂုဏ်သရေရှိလူကြီးမင်းများနဲ့ ကြွရောက်လာကြသူများ ခင်ဗျာ –

မြန်မာပြည်သူ သန်းပေါင်းများစွာကို မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ ဆောင်ကြဉ်းပေးခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုဆင်နွှဲဖို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး Mr. Sihasak Phuangketkeow ကိုယ်စား တက်ရောက်ခွင့်ရတာ ကျွန်တော့်အနေနဲ့ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့အခမ်းအနားဟာ ကျွန်တော့်အတွက် ပုဂ္ဂိုလ်ရေးအရလည်း အဓိပ္ပာယ်ပြည့်ဝတဲ့ အခါသမယ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ၂၀၁၂ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က မြန်မာနိုင်ငံရဲ့ ခေတ်သစ်သမိုင်းမှာ မျှော်လင့်ချက်အတောက်ပဆုံး အခြေအနေအချိန်အခါကို ကြုံကြိုက်ခွင့်ရခဲ့ပါတယ်။

တကယ်တော့ လွန်ခဲ့တဲ့ဆယ်နှစ်က ဒီခန်းမကြီးထဲမှာပဲ ကျွန်တော်ကိုယ်တိုင် အဲဒီ သမိုင်းဝင်အခိုက်အတန့်ကို မျက်မြင်သက်သေအဖြစ် ရှိနေခဲ့ပါတယ်။ သန္နိဋ္ဌာန်ခိုင်မာမှုတွေ၊ စိတ်သက်သာရာရမှုတွေ၊ အကောင်းမြင်စိတ်တွေရှိခဲ့တဲ့ အဲဒီအချိန်ကို ကျွန်တော်အခုထိ အမှတ်ရနေတုန်းပါပဲ။ NCA လက်မှတ်ရေးထိုးခဲ့တာဟာ စာရွက်စာတမ်းတစ်ခုကို လက်မှတ်ရေးထိုးရုံမဟုတ်ပါဘူး၊ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနဲ့ မြန်မာပြည်သူအားလုံး ပိုင်ဆိုင်နိုင်မယ့် အနာဂတ်အတွက် တံခါးတစ်ခု ဖွင့်လှစ်လိုက်တာလည်း ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ –

ဆယ်နှစ်ဆိုတာ ကြာတယ်လို့ ထင်ရပေမယ့် နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းမှာတော့ ဒါဟာ တိုတောင်းတဲ့ အခန်းကဏ္ဍလေးတစ်ခုပါ။ အရေးကြီးတာက ကုန်လွန်သွားတဲ့အချိန် မဟုတ်ပါဘူး။ ဆက်ပြီးသယ်ဆောင်သွားရမယ့် သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ ရဲစွမ်းသတ္တိဟာ ကြောက်ရွံ့ခြင်းထက်သာလွန်တဲ့အခါ၊ အချင်းချင်း အမြင်ကွဲပြားမှုကို ဖယ်ပြီး တွေ့ဆုံဆွေးနွေးမှုကို ရွေးချယ်တဲ့အခါ၊ တစ်ချိန်က ဆန့်ကျင်ဘက်မှာ ရပ်တည်ခဲ့သူတွေကြားမှာတောင် ယုံကြည်မှုကို တည်ဆောက်လာနိုင်တဲ့အခါ ငြိမ်းချမ်းရေးဆိုတာ ဖြစ်တည်လာနိုင်ပါတယ်။ ဒါဟာ NCA ကပေးတဲ့ ရှင်းလင်းပြတ်သားတဲ့ သင်ခန်းစာဖြစ်ပါတယ်။

အဲဒီလိုမျိုးစိတ်ဓာတ်ဟာ ဒီနေ့မှာ အလှမ်းဝေးနေတယ်လို့ ခံစားကောင်း ခံစားရနိုင်ပါတယ်။ ၂၀၁၅ ခုနှစ်ကရှိခဲ့တဲ့ အကောင်းမြင်စိတ်တွေ မှေးမှိန်သွားပြီလို့ ထင်ကောင်းထင်နိုင်ပါတယ်။ ဒါပေမယ့် မျှော်လင့်ချက်ဆိုတာ ယိမ်းယိုင်ကောင်း ယိမ်းယိုင်နိုင်ပေမယ့် ကျိုးပျက်မသွားဘူးဆိုတာ မမေ့ဖို့လိုပါတယ်။ မျှော်လင့်ချက်ဆိုတာ ပြန်လည်အသက်သွင်းလို့ ရနိုင်ပါတယ်။ အဲဒီမျှော်လင့်ချက်ရောင်ခြည် ဆက်လက်တောက်ပနေစေဖို့က ကျွန်တော်တို့အားလုံးရဲ့ စုပေါင်းတာဝန်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံအတွက်ဆိုရင် ဒါဟာ သံတမန်ရေး ဒါမှမဟုတ် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ သဘောတရားတစ်ခု သက်သက်မဟုတ်ပါဘူး။ ကျွန်တော်တို့ နေ့တိုင်းခံစားရတဲ့ကိစ္စပါ။ ကျွန်တော်တို့နှစ်နိုင်ငံဟာ နယ်နိမိတ်ချင်း ကီလိုမီတာ ၂၀၀၀ ထိစပ်နေပါတယ်။ ပိုအရေးကြီးတာက အဲဒီနယ်စပ်တစ်လျှောက်မှာ ကျွန်တော်တို့ရဲ့ နှစ်ဖက်အသိုင်းအဝိုင်းတွေ၊ မိသားစုတွေနဲ့ ချစ်ကြည်ရင်းနှီးမှုတွေလည်း အပြန်အလှန်တည်ရှိနေပါတယ်။ ထိုင်းနိုင်ငံအတွက် မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံ သက်သက်မဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ ကျွန်တော်တို့ရဲ့ မိသားစုပါ။ မြန်မာရဲ့ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးပါ။ မြန်မာရဲ့ သာယာဝပြောရေးဟာ ကျွန်တော်တို့ရဲ့ သာယာဝပြောရေးပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွေကို ကနဦးအစကတည်းက အမြဲတမ်း ထောက်ခံအားပေးခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ဝိုင်းဝန်းထောက်ခံပေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကို မြန်မာဦးဆောင်မှုနဲ့ ရယူပြီး မြန်မာကပဲ ပိုင်ဆိုင်ရမယ်လို့ ကျွန်တော်တို့ အခိုင်အမာယုံကြည်ပါတယ်။ မြန်မာပြည်သူတွေသာ သူတို့ရဲ့ အနာဂတ်ကို ဆုံးဖြတ်နိုင်ပါတယ်။ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံတစ်နိုင်ငံအဖြစ် ထိုင်းနိုင်ငံဟာ နားထောင်ဖို့၊ ကူညီပေးဖို့နဲ့ အားပေးထောက်ခံဖို့ အမြဲအသင့်ရှိနေမှာ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ–

မကြာမီမှာ မြန်မာနိုင်ငံဟာ နောက်ထပ် အရေးကြီးတဲ့ အခိုက်အတန့်တစ်ခုဆီ ရောက်ရှိလာတော့မှာလို့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒါဟာ လာမည့် ရွေးကောက်ပွဲပဲဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ယုံကြည်ချက်ကို မျှဝေပါရစေ။ ရွေးကောက်ပွဲတစ်ခုတည်းက ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်မှာ မဟုတ်ပါဘူး။ ရွေးကောက်ပွဲဟာ အရေးကြီးတဲ့ခြေလှမ်းပါ၊ ဟုတ်ပါတယ်။ ဒါပေမယ့် ရွေးကောက်ပွဲတွေဟာ တွေ့ဆုံဆွေးနွေးခြင်း၊ ပြန်လည်သင့်မြတ်ခြင်းနဲ့ သက်ဆိုင်သူအားလုံးကြား ယုံကြည်မှုတည်ဆောက်ခြင်းတို့ ပါဝင်တဲ့ ပိုမိုကျယ်ပြန့်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ "အဓိကကျတဲ့ အစိတ်အပိုင်း" ဖြစ်ရပါမယ်။ အဲဒီလိုမျိုးမဟုတ်ရင် မဲပုံးက ပဋိပက္ခရဲ့ အမာရွတ်တွေကို ကုစားနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ထိုင်းနိုင်ငံနဲ့ အာဆီယံဟာ မြန်မာနိုင်ငံနဲ့ ဒေသအကြားက အားလုံးပါဝင်ပြီး စစ်မှန်တဲ့ရလဒ်ထွက်ပေါ်စေမယ့် အပြုသဘောထိတွေ့ဆက်ဆံမှုအားလုံးကို ထောက်ခံဖို့ အသင့်ရှိကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေးဆိုတာ ကြေညာချက်တွေ ဒါမှမဟုတ် အခမ်းအနားတွေ သက်သက်မဟုတ်ပါဘူး၊ သာမန်ပြည်သူတွေ သူတို့ရဲ့နေ့စဉ်ဘဝမှာ ခံစားနိုင်တဲ့ စစ်မှန်တဲ့ အပြောင်းအလဲကသာ ငြိမ်းချမ်းရေးဖြစ်ပါတယ်။ သူတို့ရဲ့ အိမ်တွေမှာ လုံခြုံမှုရှိဖို့၊ သူတို့ရဲ့ အသိုက်အဝန်းတွေမှာ အခွင့်အလမ်းတွေ ရှိဖို့နဲ့ ဂုဏ်သိက္ခာရှိရှိ နေနိုင်ဖို့တို့ပဲ ဖြစ်ပါတယ်။

လူကြီးမင်းများခင်ဗျာ –

ငြိမ်းချမ်းရေးခရီးလမ်းဟာ ဘယ်တော့မှ ဖြောင့်ဖြူးမနေပါဘူး။ ဘယ်တော့မှလည်း လွယ်ကူမနေပါဘူး။ စိတ်ရှည်သည်းခံမှု၊ ရဲစွမ်းသတ္တိနဲ့ အထူးသဖြင့် ဖွဲ့လုံ့လတို့ လိုအပ်ပါတယ်။ လူတွေဟာ လက်စားချေခြင်းထက် ပြန်လည်သင့်မြတ်ရေးကို ရွေးချယ်တဲ့အခါ၊ မုန်းတီးမှုထက် မျှော်လင့်ချက်ကို ရွေးချယ်တဲ့အခါ အနက်ရှိုင်းဆုံးဒဏ်ရာတွေတောင် ပျောက်ကင်းနိုင်တယ်ဆိုတာ သမိုင်းသက်သေလည်းရှိပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးခရီး အောင်မြင်ပါစေလို့ စိတ်ရင်းမှန်နဲ့ ဆန္ဒပြုပါတယ်။ နောင်လာမယ့် မြန်မာမျိုးဆက်တွေဟာ NCA ကို သမိုင်းမှတ်တိုင်တစ်ခုအနေနဲ့သာမက၊ NCA လက်မှတ်ရေးထိုးပြီး နောက်ပိုင်းနှစ်တွေကို စစ်မှန်တဲ့ ငြိမ်းချမ်းရေးအမြစ်တွယ်ခဲ့တဲ့၊ ပဋိပက္ခအစား တွေ့ဆုံဆွေးနွေးမှုသာ ရှေ့တန်းရောက်ခဲ့တဲ့ အချိန်တွေအဖြစ် ပြန်လည်အမှတ်ရနိုင်ကြစေဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

နောင်အခါ ကျွန်တော်တို့ ပြန်ဆုံကြတဲ့အခါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်တစ်ခုကို ဂုဏ်ပြုဖို့သာ မဟုတ်ဘဲ၊ ငြိမ်းချမ်းမှု၊ သာယာဝပြောမှုနဲ့ စည်းလုံးညီညွတ်မှုတို့ကို နိုင်ငံသားတိုင်း လက်တွေ့ခံစားနေရပြီဖြစ်တဲ့ မြန်မာနိုင်ငံအဖြစ် ဂုဏ်ပြုပွဲဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကျေးဇူးတင်ပါတယ်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA တွင်ပါဝင်လက်မှတ်ရေးထိုးသူ ဦးအောင်မင်း ပြောကြားသည့် ဂုဏ်ပြုစကား



၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်၊ နေပြည်တော်

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း (၁၀) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို တက်ရောက်လာကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် တကွ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ (NSPNC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူများ၊ NCA လက်မှတ်ရေးထိုးခဲ့ကြသူများ၊ NCA အသိသက်သေများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ တက္ကသိုလ်ကျောင်းသား/ ကျောင်းသူများနှင့် လေ့လာသူများ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

လွန်ခဲ့တဲ့(၁၀)နှစ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု NCA စာချုပ်ကို ချုပ်ဆိုခဲ့ကြစဉ်အခါက ကျွန်တော်တို့အားလုံးမှာ တူညီတဲ့မျှော်လင့်ချက်တွေ ရှိခဲ့ကြပါတယ်။ အဲဒါကတော့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို ဦးတည်တဲ့ နိုင်ငံတော်ဖြစ်လာဖို့ အပြောင်းအလဲ Transition တစ်ခုကို စနေပြီဆိုတဲ့ မျှော်လင့်ချက်ပါ။ ဒီမိုကရေစီ အပြောင်းအလဲဆိုတာ နိုင်ငံအများစုမှာ မတည်ငြိမ်မှုတွေနဲ့ စိန်ခေါ်ဖြတ်သန်းရလေ့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံလို ဒီမိုကရေစီ ရေခံမြေခံ အားနည်းတဲ့ တိုင်းပြည်တစ်ခုမှာ စိန်ခေါ်မှုတွေက ပိုကြီးမားပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ (၁၀)နှစ်က ရှိခဲ့ကြတဲ့ မျှော်လင့်ချက်တွေက ပြည်သူလူထုကြားထဲမှာ ယနေ့ထိ ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါတယ်။

ယနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေများကြားမှာ NCA က အရေးပါသေးလား၊ အသက်ဝင်သေးလား ဆိုပြီး မေးလေ့မေးထရှိကြပါတယ်။ ဒီစာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တွေရှိနေသရွေ့ စာချုပ်က အသက်ဝင်နေဦးမှာဖြစ်တယ်။ ဒီလက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တွေထဲမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ EAO၊ နိုင်ငံရေးပါတီ စသည်တို့ ရှိကြပါတယ်။

ဒီစာချုပ်ကို ချိုးဖောက်ခဲ့တဲ့သူများလည်း ရှိခဲ့ပါတယ်။ စာချုပ်ကို ချိုးဖောက်သူတွေရှိခဲ့လို့ စာချုပ်က ပျက်ပြယ်သွားတာ မဟုတ်ပါဘူး။ ဒီစာချုပ်က အသက်ဝင်နေဆဲပါ။ စာချုပ်ကို ပြန်လိုက်နာကြဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ စာချုပ်ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်နိုင်ငံကို ထူထောင်ဖို့ဆိုတာ စာချုပ်လက်မှတ်ရေးထိုးထားသူတွေရဲ့ သမိုင်းပေးတာဝန် ဖြစ်ပါတယ်။

ဒီမိုကရေစီအကူးအပြောင်းဆိုတာ ပွတ်တိုက်မှုတွေ များပါတယ်။ အကူးအပြောင်းကာလမှာ လမ်းကြောင်းလွဲတဲ့အခါ ပြန်လည်တည့်မတ်ရပါတယ်။ NCA ဆိုတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စာချုပ်သက်သက်မဟုတ်ပါဘူး။ ဒီမိုကရေစီအကူးအပြောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ အကောင်အထည်ဖော်နိုင်ဖို့ရည်ရွယ်ထားတဲ့ လက်နက်ကိုင်တိုက်နေတဲ့ အင်အားစုတွေအကြားက သဘောတူညီမှုတစ်ခုပဲ ဖြစ်ပါတယ်။ ဒါကြောင့် NCA ကိုပစ်ပယ်ပြီး နောက်ထပ် သဘောတူညီချက်တစ်ခု ရေးဆွဲမယ်ဆိုရင်တောင် NCA လောက်ပြည့်စုံဖို့ မလွယ်ပါဘူး။ NCA ထဲက အနည်းဆုံး ၉၀ ရာခိုင်နှုန်းကို အချက်အလက်အရ မယူဘဲ နောက်ထပ်စာချုပ်တစ်ခု မဖြစ်နိုင်ပါဘူး။

ဒါဆိုရင် NCA ကို ဘယ်လို ဆက်လက်အကောင်အထည်ဖော်မှာလဲဆိုတာက အရေးကြီးတဲ့ မေးခွန်းဖြစ်လာပါတယ်။ ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့ အစိုးရက ဒီတာဝန်ကို လက်ဆင့်ကမ်း ဆက်လက်ထမ်းဆောင်ရမှာဖြစ်တယ်။

စာမျက်နှာ ၂၃ သို့

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် “ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း” အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် **“ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း”** အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစား အရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာမှ ဆွေးနွေးကြမည့် ပြည်ပ ပညာရှင်များ၊ လေ့လာသူများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများ စုစုပေါင်း ၃၅၁ ဦး တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် NCA ၏ ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်နိုင်ရန်၊ အဓိကသက်ဆိုင်သူ Stakeholders များအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကိုမျှဝေနိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်း ပေါင်းစည်းညီညွတ်မှုကိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများမှ တစ်ဆင့်ရရှိလာသည့် သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းဖြင့် ယုံကြည်မှုကိုတည်ဆောက်ရန် လိုကြောင်း၊ ငြိမ်းချမ်းရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်မှုမရှိပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် အဟန့်အတားဖြစ်စေနိုင်သည့် ဆိုးကျိုးများ တွေ့ကြုံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံကို တည်ငြိမ်မှုရှိအောင် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုထိခိုက်စေသည့် အကြမ်းဖက်လုပ်ရပ်များရပ်တန့်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့် ဒီဇင်ဘာ ၂၈ ရက်မှစပြီး ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပပြုလုပ်မည်ဖြစ်သည့်အတွက် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်စေရေး အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်သွားအောင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းပေးကြရန် အလေးအနက်ထား ပြောကြားလိုကြောင်း၊ တွေ့ကြုံရမည့်အခက်အခဲ စိန်ခေါ်မှုများ၊ ပဋိပက္ခများကို ဖြေရှင်းရာတွင် လူထုလိုအပ်ချက်နှင့် ပကတိနိုင်ငံရေးအခြေအနေအတိုင်း ပြောင်းလဲသင့်သည့် နည်းလမ်းများ၊ နည်းဗျူဟာများ၊ အကြံဉာဏ်ကောင်းများကို ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် **“ဒေသတွင်းနှင့် ကမ္ဘာ့မိတ်ဖက်များ၏ အကူအညီဖြင့် မြန်မာ့ငြိမ်းချမ်းရေး တည်ဆောက်မှုကို ပံ့ပိုးနိုင်ရန် ပထဝီစီးပွားရေးဆိုင်ရာလမ်းကြောင်းများကိုရှာဖွေခြင်း”** ခေါင်းစဉ်ဖြင့် ဆွေးနွေးရန် သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံခြားဧည့်သည်တော်ပညာရှင်များဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ပညာရှင်များက **“ဒေသတွင်းချိတ်ဆက်မှု၊ ကုန်သွယ်မှုနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်”၊ “ပဋိပက္ခစီးပွားရေးနှင့် သမားရိုးကျမဟုတ်သောလုံခြုံရေးခြိမ်းခြောက်မှုများ”၊ “ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှု၊ ပြည်သူ-ပြည်သူအကြားဆက်ဆံရေး၊ ဘေးလွှဲ၊ ပဋိပက္ခအလွန်ကာလ ပြန်လည်တည်ဆောက်ရေး”** ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများ ဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဦးဆောင်ဆွေးနွေးကြသည့် နိုင်ငံခြားဧည့်သည်တော်ပညာရှင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာမည့် အပြုသဘောဆောင်သော အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး ငြိမ်းချမ်းရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးတို့အတွက် ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

**စာမျက်နှာ ၂၂ မှအဆက်**

အဲဒီဖြစ်လာမယ့် အစိုးရအတွက် ကျွန်တော်တို့ မျှော်လင့်ချက်တွေ၊ ကတိကဝတ်တွေကို အကောင်အထည်ဆက်ဖော်ဖို့ အကြံပြုချက် (၅) ချက်ကို တင်ပြပါရစေ။

နံပါတ် (၁) အနေနဲ့ Political Legitimacy လို့ဆိုတဲ့ နိုင်ငံရေးအရ အသိအမှတ်ပြုမှုရှိဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ပါ။ အနိမ့်ဆုံးအဆင့်အနေနဲ့ ဆွေးနွေးဖက်ရဲ့ ခေါင်းထဲမှာ သူတို့လိုချင်တဲ့အကြောင်းအရာကို ညှိနှိုင်းသဘောတူနိုင်တဲ့ အစုအဖွဲ့အဖြစ် အသိအမှတ်ပြုမှု လိုအပ်ပါမယ်။ ဒီထက်ပိုကောင်းတာကတော့ နိုင်ငံတကာရော၊ ပြည်သူလူထုကပါ ထောက်ခံအသိအမှတ်ပြုတဲ့ အစိုးရတစ်ခု ဖြစ်ဖို့ပါပဲ။ နိုင်ငံရေးအရ အသိအမှတ်ပြုမှုအားနည်းခဲ့ရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခက်အခဲရှိပါလိမ့်မယ်။ နိုင်ငံရေးအသိအမှတ်ပြုမှုဆိုတာ ရွေးကောက်ပွဲကို ဘယ်လိုဖြတ်သန်းလာလဲဆိုတာထက် အစိုးရဖြစ်လာတဲ့အခါ ဘာတွေလုပ်သလဲ၊ ဘယ်လောက်စွမ်းဆောင်သလဲဆိုတာက ပိုမိုအရေးကြီးပါမယ်။

နံပါတ်(၂)အချက်ကတော့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးတို့ရဲ့ သဟဇာတရှိမှုပဲဖြစ်ပါတယ်။ တိုက်ပွဲတွေရှိလို့ ငြိမ်းချမ်းရေးလုပ်တယ်ဆိုပေမယ့် ပြည်သူလူထု လုံခြုံမှုအားနည်းတဲ့ အခြေအနေမျိုးမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ဒီအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်မှု (ceasefire implementation) က အင်မတန်အရေးကြီးပါတယ်။ အထူးသဖြင့် Demarcation လို့ခေါ်တဲ့ နယ်မြေသတ်မှတ်မှုက အပစ်ခတ်ရပ်စဲရေးခိုင်ခံ့ဖို့ အရေးကြီးတဲ့ အုတ်မြစ်တိုင်ဖြစ်ပါတယ်။

နံပါတ်(၃)အချက်ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စုဖွဲ့မှုဖြစ်ပါတယ်။ နှစ်ဖက်လုံးနဲ့ဆိုင်တဲ့ စုဖွဲ့မှုတွေအပြင် တစ်ဖက်ချင်းဆီက စုဖွဲ့မှုတွေအားကောင်းဖို့လိုပါတယ်။ NCA အရဖြစ်ပေါ်လာတဲ့ စုဖွဲ့မှုတွေကို အနှစ်သာရအရ ပြန်လည်အသက်သွင်းရမှာ ဖြစ်ပါတယ်။ အချို့စုဖွဲ့မှုတွေကတော့ မွမ်းမံရမှာလည်း ရှိနိုင်ပါတယ်။ ဒီစုဖွဲ့မှုတွေအားမကောင်းရင် အကောင်အထည်ဖော်မှုကလည်း အားကောင်းဖို့ခက်ပါမယ်။

နံပါတ်(၄)အချက်ကတော့ အပစ်အခတ်ရပ်စဲရေးကြောင့် ပဋိပက္ခ စီးပွားရေး ပြန်လည်ဦးမထောင်လာဖို့ အရေးကြီးပါတယ်။ တိုက်ပွဲတွေရပ်နေလို့ ပဋိပက္ခစီးပွားရေး ပြန်လည်အားကောင်းလာတာနဲ့ အမျှ နောင်အနာဂတ် စစ်ပွဲတွေအတွက် မီးစာထိုးပေးသလို ဖြစ်နေပါလိမ့်မယ်။ ပဋိပက္ခစီးပွားရေးကို ဘယ်လိုပုံမျိုးနဲ့ ဖြေရှင်းမလဲဆိုတာကို အပစ်အခတ်ရပ်စဲရေးကာလမှာ အဖြေထုတ်ဖို့ လိုပါလိမ့်မယ်။

နံပါတ်(၅)အချက်ကတော့ ရရှိထားတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို အချိန်တိုတိုအတွင်း အကောင်အထည်ဖော်နိုင်ရေးဖြစ်ပါတယ်။ နိုင်ငံရေးသဘောတူညီချက်တွေရရှိလာတဲ့အခါ အချို့အကောင်အထည်ဖော်နိုင်တဲ့ အချက်တွေကို မြန်မြန်ဆန်ဆန် အကောင်ထည်ဖော်နိုင်ဖို့ လိုပါလိမ့်မယ်။

နောက်တက်လာတဲ့ အစိုးရအနေနဲ့ NCA လက်မှတ်ရေးထိုးခဲ့ကြစဉ်ကရှိခဲ့ကြတဲ့ ကတိကဝတ်တွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ NCA ကို အကောင်အထည်ဖော်နိုင်ခြင်းဖြင့် ဒီမိုကရေစီအကူးအပြောင်းကို တည်တည်ငြိမ်ငြိမ်နဲ့ လျှောက်လှမ်းနိုင်မှာဖြစ်သလို ပြည်သူလူထုကြီး လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကိုလည်း ယူဆောင်ပေးနိုင်ပါလိမ့်မယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်မည်ဆောင်ပုဒ်ဖြင့် ကျင်းပသည့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားမှ ငြိမ်းချမ်းရေးလိုလားသူတို့၏ စကားသံများ

ပြည်တွင်းပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာခြင်းသည် NCA ပင် ဖြစ်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်း မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များကိုမူတည်ပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်း သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် သမိုင်းဝင်စာချုပ်တစ်ခုဖြစ်သည်။


ဗိုလ်မှူးကြီး ဝဏ္ဏအောင်


ဦးခွန်ဥက္ကာ


နိုင်အောင်မင်း


ဦးကိုကိုကြီး


Mr.Deng Xijiun (မစ္စတာတိန့်ရှီးကျွင်း)

NCA တွင် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ၊ နိုင်ငံရေးလမ်းပြမြေပုံများပါဝင်ပြီး ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်ကို တည်ဆောက်ရန် NCA နှစ်ပတ်လည်အခမ်းအနားများကို နှစ်စဉ် ကျင်းပလျက်ရှိသည်။

"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်" ဆောင်ပုဒ်ဖြင့် (၁၀) နှစ်ပြည့် NCA နှစ်ပတ်လည် အခမ်းအနားကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ငြိမ်းချမ်းရေးလိုလားသူတို့၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည် -

**ဗိုလ်မှူးကြီး ဝဏ္ဏအောင်**
**အဖွဲ့ဝင်၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ**

NCA နှစ်ပတ်လည်အခမ်းအနားနဲ့ အတူ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ပြည်ပ ၄ နိုင်ငံက အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ တက္ကသိုလ်ကြီးတွေက ပညာရှင်တွေကို ဖိတ်ကြားထားပါတယ်။ ဒီပညာရှင်တွေက ဦးဆောင်ပြီး နိုင်ငံရေးရှုထောင့်နဲ့ စီးပွားရေးရှုထောင့်တို့ကနေ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာသုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်သင့်တဲ့လုပ်ငန်းစဉ်တွေ ဖော်ထုတ်ဆွေးနွေးခြင်း၊ ပြည်တွင်းပညာရှင်တွေ ဦးဆောင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုအတွက် လူ့စွမ်းအားအရင်းအမြစ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရာမှာ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေ၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မယ့် နည်းလမ်းတွေဖော်ထုတ်ခြင်း၊ **"NCA ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်နိုင်မှုတွေ၊ အောင်မြင်မှုတွေနဲ့ သင်ခန်းစာတွေကို သုံးသပ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပြန်လည်စုံလင်စွာ ပါဝင်လာနိုင်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုနဲ့ ပြဿနာ အကြောင်းအရာတွေအပေါ် ရေတို၊ ရေရှည်ဆောင်ရွက်နိုင်မယ့် နည်းဗျူဟာတွေ ဖော်ထုတ်ခြင်း"** စတာတွေကို ဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်တဲ့ သတင်းစာရှင်းလင်းပွဲကို လည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲမှာ အလွှာအသီးသီးကနေ ရရှိလာတဲ့ အမြင်သဘောထား၊ အကြံပြုချက်တွေ၊ ဘက်ပေါင်းစုံက ချဉ်းကပ်နိုင်မယ့်အခြေအနေတွေ၊ သတိထားရမယ့် စိန်ခေါ်မှုတွေနဲ့ အနာဂတ်မှာ ပေါ်ပေါက်လာနိုင်မယ့် ခြိမ်းခြောက်မှုတွေကိုသိရှိပြီး ငြိမ်းချမ်းရေးမှာပါဝင်တဲ့သူတွေအကြား ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်တည်ဆောက်ပြီးတော့ ရရှိလာတဲ့ အကြံပြုချက်တွေကနေ ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မယ့် လုပ်ငန်းစဉ်တွေ၊ ရွေးကောက်ပွဲနဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သင့်တာတွေကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ယုံကြည်မှုတည်ဆောက်ခြင်းဟာ အခြေခံကျတဲ့ အချက်အလက်တစ်ခုဖြစ်ပြီးတော့ ပဋိပက္ခဖြေရှင်းရေးအတွက် အရေးအကြီးဆုံး အဆင့်တစ်ခုလည်း ဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံရေးပါတီတွေအကြား တွေ့ဆုံဆွေးနွေးမှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ တွေ့ဆုံဆွေးနွေးမှုတွေကို ဆက်လက်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ နိုင်ငံအတွင်းက အလွှာစုံကနေ တက်ရောက်ကြတဲ့ Peace Talk၊ Peace Forum နဲ့ ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပလက်ဖောင်းတွေကလည်း ငြိမ်းချမ်းရေးဆွေးနွေးမှုတွေအတွက် လုပ်ဆောင်သင့်တဲ့ အကြံပြုချက်တွေကို ရရှိခဲ့ပါတယ်။ လုပ်ဆောင်သင့်တာတွေကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် တစ်ဖက်နဲ့တစ်ဖက် နားလည်မှုရှိစေဖို့ တိုင်းရင်းသားလူမျိုးတွေရဲ့ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနဲ့ အမျိုးသားလက္ခဏာတွေ၊ မတူကွဲပြားမှုတွေကို လက်ခံအသိအမှတ်ပြုပြီး တန်ဖိုးထား လေးစားတတ်ဖို့ လိုပါတယ်။ ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်နဲ့ပတ်သက်တဲ့ အမြင်တွေကို တူညီအောင်တွေ့ဆုံဆွေးနွေးညှိနှိုင်းဖို့လိုပါတယ်။ အနာဂတ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံအမြင်တွေ တူညီအောင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းကသာ ယုံကြည်မှု တည်ဆောက်ခြင်းအတွက် အရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။

**ဦးခွန်ဥက္ကာ**
**ဦးဆောင်နာယက၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)**

ဒီနေရာမှာ တစ်ခုတော့ရှိပါတယ်။ တွေ့ဆုံဆွေးနွေးမှုရှိတိုင်း ယုံကြည်မှု တည်ဆောက်လို့တော့မရပါဘူး။ ဒါပေမယ့် သေချာတာတစ်ခုကတော့ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်မှုအတွက် တွေ့ဆုံဆွေးနွေးမှုကနေ စခဲ့ကြတာပဲ။ တွေ့ဆုံဆွေးနွေးတဲ့အခါ တစ်ဖက်နဲ့တစ်ဖက် လိုက်နာသင့်တဲ့အချက်တွေ၊ သီအိုရီတွေ၊ ဖော်မြူလာတွေ ရှိပါတယ်။ ဒါကိုတော့ လိုက်နာကြရမှာ ဖြစ်ပါတယ်။ များများလိုက်နာရင် ယုံကြည်မှု မြန်မြန်ရမှာပါ။ ဥပမာအားဖြင့် နှစ်ဖက်အပစ်အခတ်ရပ်စဲကြတဲ့ကိစ္စမျိုးမှာ တစ်ဖက်နဲ့တစ်ဖက် ချိုးဖောက်မှုလည်း မရှိဘူး၊ သတ်မှတ်နယ်မြေတွေ ကျော်လွန်ဝင်ရောက်မှုလည်း မရှိဘူးဆိုရင် တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုစတင်ရလာနိုင်ပြီး နောက်တစ်ဆင့် ဆက်ဆွေးနွေးလို့ရပြီပေ့ါ။ အခုအချိန်အထိ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်ရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ ရှိနေဆဲတော့ဖြစ်ပါတယ်။ ဒါပေမယ့် EAO အဖွဲ့တိုင်းနဲ့တော့ မဟုတ်ပါဘူး။ တချို့အဖွဲ့တွေနဲ့ အဲဒီလို အခြေအနေမျိုးကြုံခဲ့ရပေမယ့် တွေ့ဆုံဆွေးနွေးပြီးတော့ နားလည်မှုရယူဖြေရှင်းနိုင်ခဲ့တဲ့ သာဓကတွေလည်း အများကြီး ရှိခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပဋိပက္ခဖြစ်ပွားရင် အဓိကနစ်နာတဲ့သူတွေကတော့ ဒေသခံပြည်သူတွေပဲဖြစ်တယ်ဆိုတာ နားလည်လက်ခံကြပြီးတော့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ယုံကြည်မှုကို တိုးမြှင့်တည်ဆောက်သွားသင့်ပါတယ်။ အချုပ်ပြောရမယ်ဆိုလျှင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ဖို့ ရိုးသားဖြောင့်မတ်ဖို့ လိုအပ်ပါတယ်။

**နိုင်အောင်မင်း**
**ဗဟိုအလုပ်အမှုဆောင်၊ မွန်ပြည်သစ်ပါတီ(NMSP)**

NCA ရဲ့ နောက်ဆက်တွဲအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ပါလာပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မေးမှိန်နေတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ပြန်ပေါ်လာဖို့ အခွင့်အလမ်း ဒီနှစ်ပတ်လည် အခမ်းအနားကနေ စမယ်လို့ မျှော်လင့်ပါတယ်။ အဓိက ကတော့ ဒီပွဲက ၁၀ နှစ်အကြာ peace process review လို့လည်း ခေါ်လို့ရတယ်။ peace process ဘာကြောင့် နှေးသလဲ၊ ဘာတွေလိုနေသလဲ၊ စစ်ရေးဘောင်ကျယ်လို့ ဖြစ်သလား၊ နိုင်ငံရေးဘောင်ကျဉ်းလို့ ဖြစ်သလားဆိုတာကို ပြန်သုံးသပ်ဖို့ လိုပါတယ်။ ဒီလိုသုံးသပ်ပြီးတော့ Recommendation အနေနဲ့ ဘာဆက်လုပ်သင့်သလဲ။ အဲဒီအပေါ် ဆောင်ရွက်နိုင်သလောက် လုပ်ဆောင်သွားရမယ်။

ရွေးကောက်ပွဲမတိုင်မီ လုပ်နိုင်သလောက် လုပ်ထားပြီး ရွေးကောက်ပွဲပြီးလို့ တက်လာတဲ့အစိုးရက ဆက်လုပ်သွားမယ်။ အဲဒီ Guideline ချနိုင်ဖို့ ဒီပွဲကနေစရမယ်။ ရွေးကောက်ပွဲပြီးလို့ ပေါ်လာတဲ့ လွှတ်တော်အဖွဲ့တွေ စုဖွဲ့တဲ့အချိန်ကျမှ အချက်အလက်ရှာပြီး စကြမယ်ဆိုရင် နောက်ကျသွားမယ်။ နိုင်ငံက တော်တော်နစ်နာမယ်၊ အခုကတည်းက အချက်အလက် ရှာထားပေးမယ်ဆိုရင် သူတို့အတွက် အဆင်သင့်ဖြစ်မယ်။ လုပ်ပိုင်ခွင့်ရှိတာကတော့ ကျွန်တော်တို့ မဟုတ်ပါဘူး။ ရွေးကောက်ပွဲပြီးလို့ပေါ်ထွက်လာတဲ့အစိုးရက လုပ်ပိုင်ခွင့်ရှိတယ်။ လွှတ်တော်လုပ်ပိုင်ခွင့်ရှိတယ်။ လွှတ်တော်က ဥပဒေပြုပိုင်ခွင့်ရှိတယ်။ ပြဋ္ဌာန်းပိုင်ခွင့်ရှိတယ်။ ထွက်ပေါ်လာတဲ့ လွှတ်တော်နဲ့ အစိုးရအတွက် သင့်တော်တဲ့ဟာ ဘာလဲဆိုတာကို ကျွန်တော်တို့က လမ်းကြောင်းပေးထားပြီး သူတို့ပင်ပန်းတာ သက်သာအောင် လုပ်ပေးထားရမယ်။ ဒါကြောင့် ဒီပွဲကြီး ဖြစ်လာတာပါ။

**နိုင်အောင်မင်း**
**ဗဟိုအလုပ်အမှုဆောင်၊ မွန်ပြည်သစ်ပါတီ(NMSP)**

NCA (၁၀)နှစ်ပြည့်ပွဲမှာ ကျွန်တော်တို့ ပါတီအနေနဲ့ ငါးဦး တက်ရောက်ပါတယ်။ ဆွေးနွေးပွဲမှာတော့ သက်ဆိုင်ရာခေါင်းစဉ်အပေါ်ကြည့်ပြီး ပါဝင်ဆွေးနွေးသွားကြမှာပါ။ ပညာရှင်တွေရဲ့ ပြောကြားချက်အပေါ် ကျွန်တော်တို့ သဘောထားတွေ ထည့်ပြီး ဆွေးနွေးသွားကြမယ်။ ကျွန်တော်တို့ NCA လက်မှတ်ရေးထိုးခဲ့တာဆိုရင် အခုဆိုရင် ၁၀ နှစ်ရှိပြီ၊ ကျွန်တော်တို့ ပါတီအနေနဲ့ပါဝင်ခဲ့တာ ၈ နှစ်၊ အခြားအဖွဲ့တွေနဲ့ မတူဘူး။ ကျွန်တော်တို့က ၂၀၁၈ ခုနှစ်မှာ ထိုးခဲ့တာဆိုတော့ ၈ နှစ်ပြည့်ပါပြီ။ ဘယ်လိုပဲ ပြောပြော ဒီ ၁၀ နှစ်ကာလမှာ အားနည်းချက်တွေ၊ အားသာချက်တွေ အတွေ့အကြုံတွေ အများကြီး ရှိခဲ့တယ်။ ဒီအတွေ့အကြုံတွေကနေ အားနည်းချက်၊ အားသာချက်တွေ သင်ခန်းစာယူမယ်။ အားသာချက်တွေကို စုစည်းပြီးဆတက်ထမ်းပိုးအကောင်အထည်ဖော်မယ်ဆိုရင် ငြိမ်းချမ်းရေးရလဒ်အတွက် မျှော်လင့်ချက်များများထားနိုင်မယ်ထင်ပါတယ်။

**ဦးကိုကိုကြီး**
**ဥက္ကဋ္ဌ၊ ပြည်သူ့ပါတီ**

NCA က ပထမဆုံးနဲ့ တစ်ခုတည်းသော တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဖြစ်ပါတယ်။ ဒါကြောင့်မို့ တကယ်ကို ထူးခြားပါတယ်။ အခု NCA (၁၀)နှစ်ပြည့် မြောက်လာပြီဆိုတော့ ဒီကာလမှာ အားသာချက်တွေ၊ အားနည်းချက်တွေကို ပြန်လည်သုံးသပ်ပြီး ငြိမ်းချမ်းရေးခရီးဆက်ဖို့ အင်မတန်အရေးကြီးတဲ့ အချိန်ကာလလို့ မြင်ပါတယ်။ အခုဆွေးနွေးပွဲကနေပေါ်ထွက်လာမယ့် ဆွေးနွေးချက်တွေကို စုစည်းပြီး လာမယ့်ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းအတွက် ဆက်လက်သယ်ဆောင်သွားနိုင်ဖို့ လိုပါတယ်။ အကြံပြုချက်တွေ၊ သုံးသပ်ချက်တွေက နောင်ရွေးကောက်ပွဲအလွန်ကာလမှာ ပေါ်ထွက်လာမယ့် လွှတ်တော်နဲ့ အစိုးရအတွက် အများကြီး အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆိုတာတွေ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးက အားလုံးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် တန်းတူညီမျှရေး၊ ဖက်ဒရယ်ရေး၊ ပြုပြင်ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။

**Mr.Deng Xijiun (မစ္စတာတိန့်ရှီးကျွင်း)**
**တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်**

လွန်ခဲ့တဲ့ ၁၀ နှစ်က အစိုးရနဲ့ တိုင်းရင်းသားအဖွဲ့တွေ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခဲ့ပါတယ်။

စာမျက်နှာ ၂၅ သို့

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ပြောကြားသည့် ဂုဏ်ပြုစကား



၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ဂုဏ်သရေရှိ လူကြီးမင်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ ခင်ဗျာ -

ဒီနေ့ဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ၂၀၁၅ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ဆယ်နှစ်ပြည့် နှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ ဒီစာချုပ်ကို ပင်လုံစိတ်ဓာတ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေရဲ့ ရလဒ်တွေအတိုင်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတစ်ခု တည်ထောင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးထိုးခဲ့ကြတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရေရှည်ငြိမ်းချမ်းရေးရဖို့အတွက် NCA ဟာ မြန်မာအစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ (EAOs) အကြား တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်နိုင်ဖို့ အဓိကကျတဲ့ အင်စတီကျူးရှင်းမူဘောင်တစ်ခုအဖြစ် ရှိနေခဲ့ပါတယ်။

NCA လက်မှတ်ရေးထိုးနိုင်ခဲ့တာဟာ မြန်မာ့သမိုင်းမှာ အင်မတန်အရေးကြီးတဲ့ အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့ပါတယ်။ မတူကွဲပြားတဲ့ တိုင်းရင်းသားလူမျိုးစုတွေအနေနဲ့ ပဋိပက္ခတွေကို ဘေးဖယ်ထားပြီး ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးအတွက် နှစ်ဖက်လုံး လက်ခံနိုင်မယ့် ဖက်ဒရယ်ဒီမိုကရေစီ အစီအစဉ်တွေကို ပူးပေါင်းလုပ်ဆောင်သွားကြမယ်ဆိုတဲ့ တူညီတဲ့ သန္နိဋ္ဌာန်ကို ဒီ NCA စာချုပ်က ကိုယ်စားပြုပါတယ်။ NCA ရဲ့ ဒီလို အနှစ်သာရကို ပိုပြီးအားကောင်းအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် NCA (၁၀)နှစ်ပြည့် အထိမ်းအမှတ်မှာ "NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်မည်" ဆိုတဲ့ ဆောင်ပုဒ်ကို အိန္ဒိယနိုင်ငံက ကြိုဆိုကြောင်း ပြောကြားလိုပါတယ်။ NCA ဟာ မြန်မာနိုင်ငံရဲ့ ကြာသောင်းလှပြီဖြစ်တဲ့ ပြည်တွင်းပြဿနာတွေကို ဖြေရှင်းဖို့ရာ လက်ရှိမှာရှိနေတဲ့ တစ်ခုတည်းသော မူဘောင်ဖြစ်တဲ့အတွက် လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းအားလုံးအနေနဲ့ NCA ယန္တရားကို အပြည့်အဝအသုံးချပြီး အနှစ်သာရရှိတဲ့ ဆွေးနွေးမှုတွေလုပ်ကြဖို့နဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်အပေါ်အခြေခံတဲ့ ထင်သာမြင်သာရှိပြီး ရေရှည်ခိုင်မြဲမယ့် ဆွေးနွေးညှိနှိုင်းမှုရလဒ်တွေရအောင် ကြိုးပမ်းကြဖို့ ကျွန်တော်တို့ အလေးအနက်တိုက်တွန်းလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ NCA လုပ်ငန်းစဉ်ရဲ့ အောင်မြင်မှုအပေါ်မှာ တကယ်ပဲ မူတည်နေပါတယ်။

ကမ္ဘာပေါ်မှာ လူဦးရေ ၁.၄ ဘီလီယံကျော်ရှိပြီး တရားဝင်ဘာသာစကား ၂၂ မျိုးနဲ့ ငြိမ်းချမ်းစွာ အတူနေထိုင်နေတဲ့ အကြီးဆုံးဒီမိုကရေစီနိုင်ငံလည်းဖြစ်၊ ကမ္ဘာပေါ်မှာ စတုတ္ထအကြီးဆုံးနဲ့ အလျင်မြန်ဆုံး တိုးတက်နေတဲ့ စီးပွားရေးနိုင်ငံကြီးလည်းဖြစ်၊ အခွန်ကောက်ခံမှုပုံစံတစ်ခုတည်းနဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံတစ်ခုတည်းရှိတဲ့ နိုင်ငံလည်းဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာ ပြီးခဲ့တဲ့ နှစ်နှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံတွေကို မြန်မာနိုင်ငံနဲ့ ဝေမျှခွင့်ရတဲ့အတွက် ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဟာ ဟောပြောပွဲ နှစ်ခုနဲ့ အလုပ်ရုံဆွေးနွေးပွဲ နှစ်ခု ကျင်းပခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ဗဟိုနဲ့ ပြည်နယ်တွေအကြား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာခွဲဝေပုံ၊ အခွန်ကောက်ခံမှုနဲ့ ဝင်ငွေခွဲဝေမှု အသေးစိတ်တွေကိုလည်း ပါဝင်သူတွေနဲ့အတူ ဆွေးနွေးဝေမျှခဲ့ကြပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံက ဦးဆောင်ပြီး မြန်မာနိုင်ငံက ပိုင်ဆိုင်တဲ့၊ နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်တဲ့ ဖြေရှင်းနည်းတစ်ခုရရှိလာရေးကို အမြဲတမ်း ထောက်ခံရပ်တည်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ အိန္ဒိယရဲ့ အရေးပါတဲ့ နိုင်ငံခြားရေးမူဝါဒ ဦးစားပေးမှုတွေဖြစ်တဲ့ အိမ်နီးချင်းဦးစားပေးမူဝါဒ (Neighbourhood First)၊ အရှေ့မျှော်မူဝါဒ (Act East) MAHASAGAR (လုံခြုံရေးနဲ့ ဖွံ့ဖြိုးမှုတို့ ညီညီမျှမျှနဲ့ ဘက်စုံတိုးတက်ရေးမူဝါဒ) စတဲ့ မူဝါဒတွေရဲ့ဆုံမှတ်မှာ ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ နှစ်ပေါင်းများစွာကတည်းက ယဉ်ကျေးမှု၊ ဘာသာရေးနဲ့ ပြည်သူချင်းဆက်ဆံရေးတွေရှိခဲ့တဲ့ ယုံကြည်ရတဲ့ အိမ်နီးချင်းမိတ်ဖက်နိုင်ငံအဖြစ် မြန်မာနိုင်ငံဘက်က အမြဲတမ်းရပ်တည်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ဟာ ကုန်းမြေနယ်နိမိတ် ၁၆၄၃ ကီလိုမီတာ၊ ရေကြောင်းနယ်နိမိတ် ၁၀၆၀ ကီလိုမီတာ ထိစပ်နေတဲ့အတွက် မြန်မာနိုင်ငံက ပဋိပက္ခဟာ ကျွန်တော်တို့ကို တိုက်ရိုက်သက်ရောက်မှု ရှိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတွေရပ်စဲပြီး ငြိမ်းချမ်းတည်ငြိမ်မှု ထိန်းသိမ်းထားနိုင်ရေးဟာ ကျွန်တော်တို့အတွက် အင်မတန်မှကို အရေးပါပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင်တော့ လက်တွေ့မကျတဲ့ ကြိုတင်သတ်မှတ်ချက်တွေမထားဘဲ NCA ကနေတစ်ဆင့် သက်ဆိုင်သူအားလုံး ပါဝင်ဆွေးနွေးမှုတွေ၊ အမြင်ချင်းဖလှယ်မှုတွေကို မြှင့်တင်ပေးနိုင်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံလို မတူကွဲပြားပြီး အရင်းအမြစ်ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံမှာ သက်ဆိုင်သူအားလုံးက အလျှော့အတင်းတွေလုပ်၊ အပေးအယူတွေလုပ်မှသာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ စည်းလုံးတဲ့ မြန်မာနိုင်ငံအဖြစ် အတူတကွ ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ သက်ဆိုင်သူအားလုံး ပါဝင်ရမှာဖြစ်ပြီး ဆွေးနွေးပွဲမှာ လူတိုင်းအတွက် နေရာရှိရပါမယ်။ ဖက်ဒရယ်ဒီမိုကရေစီသမ္မတနိုင်ငံဆိုတဲ့ပန်းတိုင်ဟာ လွတ်လပ်မျှတပြီး ဖက်ဒရယ်စနစ်နဲ့ အားလုံးပါဝင်ကာ ယုံကြည်ရတဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်အပေါ် အခြေခံပြီး အပေးအယူစိတ်ဓာတ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ညှိနှိုင်းမှုတွေကနေတစ်ဆင့်မှ အကောင်အထည်ပေါ်လာနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျေးဇူးတင်ပါတယ်။ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ရဲ့ ဒေသအတွင်းမှာ ငြိမ်းချမ်းမှုနဲ့ စည်းလုံးညီညွတ်မှုတွေ အားကောင်းလာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

စာမျက်နှာ ၂၁ မှအဆက်

လူမှုအသိုက်အဝန်းတည်ဆောက်ရေး နက်ရှိုင်းလာစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ပူးတွဲမြှင့်တင်ပေးနိုင်ဖို့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စီးပွားရေးဖွံ့ဖြိုးလာစေဖို့နဲ့ ပြည်သူလူထုတွေရဲ့ စားဝတ်နေရေးမြင့်မားတိုးတက်လာစေဖို့ ကြိုးပမ်းနေတဲ့အပေါ် တရုတ်နိုင်ငံက ခိုင်ခိုင်မာမာ ထောက်ခံပါတယ်။ ဒ့ါအပြင် နှစ်နိုင်ငံပြည်သူများ အေးချမ်းသာယာဝပြောလာစေဖို့နဲ့ တရုတ်-မြန်မာဆက်ဆံရေးကို ဆတက်ထမ်းပိုးမြင့်မားတိုးတက်လာစေဖို့ အရည်အသွေးပြည့်ဝတဲ့ ရပ်ဝန်းတစ်ခုလမ်းကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်လာဖို့အတွက်လည်း မြန်မာနိုင်ငံနဲ့ လက်တွဲဆောင်ရွက်သွားပါမယ်။ တစ်ချိန်တည်းမှာ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်မှာရှိတဲ့ အဓိကစီမံကိန်းများကိုလည်း တဖြည်းဖြည်းအားထည့်ဆောင်ရွက်သွားမှာ ဖြစ်သလို အသက်မွေးဝမ်းကျောင်း အစီအစဉ်များကိုလည်း အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

အိမ်နီးချင်းအချင်းချင်း ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဖွံ့ဖြိုးစည်ပင်ကြသလို၊ ဆွေမျိုးဉာတကာ အချင်းချင်း ဆန္ဒမွန်ပြုကြသလို ပြောကြားပြီး မိန့်ခွန်းကို နိဂုံးချုပ်ပါတယ်။

မိမိအနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ အဖွဲ့အစည်းများဟာ ပွင့်လင်းတဲ့၊ အားလုံးပါဝင်နိုင်တဲ့၊ အလျှော့အတင်းညီညွတ်တဲ့ လက်တွေ့ချဉ်းကပ်မှုနည်းလမ်းကို ကျင့်သုံးနိုင်ကြပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုလမ်းကြောင်းကို လိုက်နာစောင့်ထိန်းကာ အပြန်အလှန်ယုံကြည်မှုတွေ တိုးပွားလာသလို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်တွေ ပိုပြီးပူးပေါင်းပါဝင်လာနိုင်ကြဖို့ ရိုးသားစွာ ယုံကြည်မျှော်လင့်ပါတယ်။

ကျေးဇူးတင်ပါတယ်။

စာမျက်နှာ ၂၄ မှအဆက်

အဲဒီမှာ တရုတ်နိုင်ငံက မျက်မြင်သက်သေအဖြစ် ပါဝင်တက်ရောက်ခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်နှစ်က (၈) ကြိမ်မြောက် NCA နှစ်ပတ်လည် အခမ်းအနားကိုလည်း ကျွန်တော် ပါဝင်တက်ရောက်ဖြစ်ခဲ့တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တရုတ်နိုင်ငံက အပြည့်အဝ ထောက်ခံတာကို ပြသတဲ့အနေနဲ့ အခု (၁၀) နှစ်ပြည့် အခမ်းအနားကိုလည်း တက်ရောက်တာဖြစ်ပါတယ်။ (၁၀)နှစ်ပြည့် အခမ်းအနားမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အများသဘောဆန္ဒကို တည်ဆောက်နိုင်ပြီး မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်မယ်၊ အချင်းချင်း အပြန်အလှန်ယုံကြည်မှုတွေ တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကလည်း ဒီဇင်ဘာလမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲအတွက် ကောင်းကျိုးတွေ ဖြစ်ပေါ်လာမယ်လို့ ထင်ပါတယ်။ အထွေထွေ ရွေးကောက်ပွဲအတွက် တရုတ်နိုင်ငံက နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုတွေ လုပ်ဆောင်ပေးနေပါတယ်။ မြန်မာနိုင်ငံက ဒီမိုကရေစီလမ်းကြောင်းမှန်ကို တစ်ဆင့်ချင်း ဖြောင့်ဖြောင့်ကြီးသွားနေပြီလို့ ဆိုချင်ပါတယ်။

သတင်းအဖွဲ့

လျှပ်စစ်မီတာခ
သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၅ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးတို့ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၄၅ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးတို့ကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ- ရွှေကုက္ကိုလ်မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၄၅ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး စုစုပေါင်း ၄၆ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၁၅ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၅၃၆ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၉ ဦး ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဉာဏ)

❑ ပြည်ပလေ့လာရေးခရီးစဉ်မှ

စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးသို့ ရောက်ရှိရာ သံရုံးယာယီ တာဝန်ခံ ဒေါက်တာဇော်မင်းအောင်က ခရီးစဉ်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားကာ အမှတ်တရလက်ဆောင်များပေးအပ်သည်။ ညပိုင်းတွင် Cricket Club ၌ မြန်မာသံရုံးက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Merlion Park သို့ သွားရောက်လည်ပတ်လေ့လာကြသည်။

ယနေ့နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများသည် Botanic Garden သို့သွားရောက် ကြည့်ရှုလေ့လာကြပြီး Singapore Institute of Management University သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆို၍ နှုတ်ခွန်းဆက်စကားပြောကြားကာ တက္ကသိုလ်နှင့်ပတ်သက်သည့် အချက်အလက်များနှင့် ပို့ချလျက်ရှိသည့် ဘာသာရပ်ဆိုင်ရာသင်တန်းများ အကြောင်း ရှင်းလင်းပြောကြားကာ တက္ကသိုလ်အတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် Singapore Institute of Management University မှ Hainanese Chicken Rice စားသောက်ဆိုင်၌ နေ့လယ်စာသုံးဆောင်ကြပြီး မွန်းလွဲပိုင်းတွင် Gardens by the bay သို့ သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် Sentosa သို့ရောက်ရှိကာ Singapore Oceanarium ကြည့်ရှုလေ့လာခဲ့ကြပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Vivo City Shop–ping Center တွင် ဈေးဝယ်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# ပုဗ္ဗသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ဓားဖြင့်ထောက်၍ လုယက်မှုကျူးလွန်ခဲ့သူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၁၀ ရက် ညနေ ၅ နာရီအတွင်း ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာနေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒေါ်ဆုမွန်ကျော် ၄၀ နှစ်သည် ရုံးအမှတ်(၄၈)မှ နေအိမ်သို့ မန္တလေးလမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်း ပြန်လည်မောင်းနှင်လာစဉ် ပုဗ္ဗသီရိမြို့နယ် ကံလှကျေးရွာအနီး ရာဇသင်္ဂဟ အိမ်ရာ(၁) အနောက်အရောက်၌ အမျိုးသားနှစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်က ၎င်း၏ဆိုင်ကယ်ကို အရှေ့မှပိတ်ရပ်တားဆီးကာ ဓားဖြင့်ထောက်၍ ၎င်းထံမှ SAMSUANG Note 10 Plus အမျိုးအစား လက်ကိုင်ဖုန်း တစ်လုံး၊ ပလက်တီနမ်ဆွဲကြိုး တစ်ကုံး၊ ငွေကျပ် တစ်သိန်းခွဲခန့်၊ ဝန်ထမ်းကတ်များနှင့် ATM ကတ်များ ထည့်ထားသည့် လက်ကိုင်အိတ်တစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့သဖြင့် ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၈၂ ဖြင့် အမှုရေးဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။




ပုဗ္ဗသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ဓားဖြင့်ထောက်၍ လုယက်မှုကျူးလွန်ခဲ့သူနှစ်ဦးကို သက်သေခံပစ္စည်းအချို့နှင့်အတူ ပြန်လည်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ ပျဉ်းမနားမြို့နယ် ရန်အောင်(၂) ရပ်ကွက်နေသူများဖြစ်ကြသည့် ကောင်းစံဌေး (ခ) မြတ်သူအောင် (ခ) မဲလုံးနှင့် ကိုကိုထွန်း (ခ) မဲလုံးတို့ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် ၎င်းတို့နှစ်ဦးကို လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအနီးလမ်းမပေါ်၌ ပြစ်မှုကျူးလွန်စဉ် ၎င်းတို့အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီး၊ ပြစ်မှုကျူးလွန်ရာမှ လုယက်ယူဆောင်ခဲ့သည့် SAMSUANG Note 10 Plus လက်ကိုင်ဖုန်း တစ်လုံး၊ မြန်မာငွေစက္ကူရောရာ တစ်သိန်းကျပ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၁၀ ရက် ညနေပိုင်းတွင် ချင်းရွာဘက်မှ ရေပြာကျေးရွာဘက်သို့ မန္တလေးလမ်းအတိုင်း ဆိုင်ကယ်မောင်းနှင်လာစဉ် ၎င်းတို့အရှေ့မှ အမျိုးသမီးတစ်ဦးတည်း ဆိုင်ကယ်မောင်းနှင်နေသည်ကို တွေ့ရှိရသဖြင့် အနောက်မှကပ်လိုက်ကာ ရာဇသင်္ဂဟအိမ်ရာ အနောက်ဘက်အရောက်၌ အဆိုပါဆိုင်ကယ်အား ဝင်တိုက်ကာ တားဆီးခဲ့ပြီး အဆိုပါအမျိုးသမီးထံမှ လက်ကိုင်အိတ် တစ်လုံး၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ဆွဲကြိုးတစ်ကုံးတို့ကို ဓားထောက်လုယက်ယူဆောင်ခဲ့ကြောင်း၊ ဝေဘူလဘုန်းကြီးကျောင်းအနီးအရောက် လုယူခဲ့သည့် လက်ကိုင်အိတ်အတွင်းမှ ငွေများကိုထုတ်ယူ၍ လက်ကိုင်အိတ်အား လွှင့်ပစ်ကာ ကောင်းစံဌေး (ခ) မြတ်သူအောင် (ခ) မဲလုံးကဆွဲကြိုးနှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း၊ ကိုကိုထွန်း (ခ) မဲလုံးက လက်ကိုင်ဖုန်းနှင့် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ခွဲဝေယူဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသည့် ကောင်းစံဌေး (ခ) မြတ်သူအောင် (ခ)မဲလုံးနှင့် ကိုကိုထွန်း (ခ) မဲလုံးတို့ကို ကွင်းဆက်ပြစ်မှုများ ရှိ၊မရှိ ဖော်ထုတ်စစ်ဆေးလျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (ဉာဏ)

☆ **ကျောဖုံးမှအဆက်**

နိုင်ငံရေးပါတီများသည် လွတ်လပ်၍တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **( အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီမှ ဒီဇင်ဘာ ၂၆ ရက် ည ၁၂ နာရီထိ )** ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့် အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Center များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Center ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှ စာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

**( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၉-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

**( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)**
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

**(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)**
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

**( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

**( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)**
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

**(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

**( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

**( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂-၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

**(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉- ၅၂၀၂၆၅၉

**( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

**( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

**( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

**( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

**(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

**(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

**( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြေရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ (မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀) ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။








## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အထက(၃) ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ကြယ်စင်သန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလင်းလင်း ဖြစ်ပါကြောင်း။

ဦးလင်းလင်း(၉/ကဆန(နိုင်)၁၄၃၈၂၀)

## တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ချမ်းမြသာစည်မြို့နယ် ပညာရေးမှူးရုံး(လက်ထောက်ကြီးကြပ်) ဒေါ်စန်းစန်းအေး၏ ဖခင် ဦးဗိုလ်(ခ)ဦးဘို(၅/ခဥန(နိုင်)၀၀၂၂၃၁)သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၁၉၆၄ ရက် ဖြစ်ပါကြောင်း။

ဒေါ်စန်းစန်းအေး(၅/ခဥန(နိုင်)၀၀၄၃၃၈)
၀၉-၂၆၀၆၉၂၄၈၇

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

မြင်းမူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်(၃)၊ ဈေးပိုင်း၊ ဦးပိုင်အမှတ်(၃၉-ခ)၊ မြေကွက်အမှတ်(၆၂)၊ ဧရိယာ(၀.၁၄၇)ဧကအနက်မှ (၀.၁၁၈)ဧကရှိသော အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - မုံရွာ-မန္တလေးကားလမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၃၉-က)နှင့် ဦးပိုင်အမှတ်(၃၉-ဃ)
(ဂ) တောင်လားသော် - ဈေးလမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၂၅-ခ)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်စည်ထက်+ဒေါ်ပန်းအိမွန်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြင်းမူမြို့နယ်မြေစာရင်းဦးစီးဌာန
မြင်းမူမြို့

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကံတော်ရပ် ရေကြည်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဒုအလယ်တန်းပြတာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်ယဉ်ယဉ်စိုး (ဘ) ဦးစိုးမြင့်(၁၀/မဒန(နိုင်)၁၁၃၀၀၉)၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၆-၁၉၇၉ ဖြစ်ပါကြောင်း။

ဒေါ်ယဉ်ယဉ်စိုး (၂၇-၆-၁၉၇၉)
(၁၀/မဒန(နိုင်)၁၁၃၀၀၉)

**အဖိုးတန်ရေချိုကို ချွေတာပါ**

## အမည်ပြောင်းလဲခေါ်ပါရန်

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ် PEC ကိုယ်ပိုင်အထက်တန်းကျောင်း GRADE 11 တွင် ပညာသင်ယူလျက်ရှိသော အဘ ဦးတူးတူး၏ သမီး မယွန်းပိုးမြတ် အား မလင်းရတီလှိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မလင်းရတီလှိုင်

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကံတော်ရပ် ရေကြည်ပေါက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းပြတာဝန်ထမ်းဆောင်နေသော ကျွန်မ ဒေါ်လင်းလက်စိုး (ဘ) ဦးအောင်စိုး(၁၃/မဘန(နိုင်)၀၃၁၀၀၃)၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၁၂-၁၉၉၅ ဖြစ်ပါကြောင်း။

ဒေါ်လင်းလက်စိုး (၆-၁၂-၁၉၉၅)
(၁၃/မဘန(နိုင်)၀၃၁၀၀၃)

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ မိမိတို့စုစည်းညီညွတ်မှုမရှိသမျှ မည်သည့်စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ်...
❖ မည်သည့်နိုင်ငံရေးစနစ်မျှ ခိုင်ခိုင်မာမာဦးဆောင်နိုင်မည်မဟုတ်...
❖ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြောစိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည် မဟုတ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## NCA ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်အဖွင့်မိန့်ခွန်း စာမျက်နှာ - ၁၉

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ (အောက်တိုဘာ ၂၈ ရက် နံနက် ၆ နာရီမှ ဒီဇင်ဘာ ၂၆ ရက် ည ၁၂ နာရီထိ) ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၃၄/၂၀၂၅)
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

**ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့် စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ခြင်း**

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု မဲအများဆုံးရသူအနိုင်ယူစနစ် ကိုယ်စားလှယ်လောင်းများ၊ အချိုးကျကိုယ်စားပြုစနစ် ကိုယ်စားလှယ်လောင်းများ သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရေးအတွက် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က နှင့် လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ အခန်း(၁၀) တို့တွင် ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာပြဋ္ဌာန်းချက်များကို ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ စာမျက်နှာ ၂၆ ကော်လံ ၄ ☆

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာ



နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များ လှည့်လည်လေ့လာကြသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၃ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့ရာ ယမန်နေ့နံနက်ပိုင်းက MAIလေကြောင်း ခရီးစဉ်ဖြင့် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် စာမျက်နှာ ၂၆ ကော်လံ ၄ ❑

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပုဗ္ဗသီရိမြို့နယ်၌ အမျိုးသမီးတစ်ဦးကို ဓားဖြင့်ထောက်၍ လုယက်မှုကျူးလွန်ခဲ့သူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီးရမိ စာမျက်နှာ - ၂၆

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၈၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

